# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၁၈၆)၊ ၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ ရက်၊ ၁၁-၆-၂၀၂၅၊ ဗုဒ္ဓဟူးနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စစ်ကိုင်းကောင်းမှုတော်စေတီတော်မြတ်ကြီးတွင် ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်ကိုင်းမြို့နှင့် မန္တလေးမြို့တို့အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများ သွားရောက်ကြည့်ရှုစစ်ဆေး၊ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်

နေပြည်တော် ဇွန် ၁၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်တို့လိုက်ပါ၍ ယနေ့တွင် စစ်ကိုင်းမြို့နှင့် မန္တလေးမြို့တို့အတွင်း ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများအပေါ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ပေးနေမှုများအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**စာမျက်နှာ ၃ သို့** ※

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၁၀**

**မြန်မာ့ပင်လယ်ပြင်မှာ** မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်ပါသည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၆ ပေမှ ၈ ပေခန့် ရှိနိုင်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မိုး/ဇလ**

၂၀၂၅ ခုနှစ် ၊ ဇွန် ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့။

မန္တလေး

## ပြင်ဦးလွင်မြို့နယ်အတွင်း ရေရရှိရေး၊ စိုက်ပျိုးရေးနှင့် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်လျက်ရှိ

ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်အတွင်း သောက်သုံးရေဖူလုံစွာရရှိရေးအတွက် လုပ်ငန်းဖြစ်နိုင်ခြေများအနက် ကာလတိုအတွင်း ထိရောက်လျင်မြန်သော အစီအမံ (Quick Win Plan) ဖြင့် အောင်မြင်စွာဆောင်ရွက်နိုင်ရေး ဦးစားပေးဆောင်ရွက်ရန်လိုကြောင်း၊ ရေလှောင်တမံများအား အဆင့်မြှင့်တင်ရာတွင် တမံများ၏ သက်တမ်းနှင့် ကြံ့ခိုင်မှုတို့ကို စနစ်တကျစစ်ဆေးဆောင်ရွက်သွားရန်လိုကြောင်း၊ ရေလှောင်တမံများနှင့် ရေလွှဲဆည်များ တည်ဆောက်ရန် လျာထားရာ၌ အကျိုးပြုဧရိယာနှင့် ရေသုံးစွဲမည့်လူဦးရေပမာဏ၊ နောင်အနာဂတ်တွင် တိုးပွားလာနိုင်မည့် လူဦးရေပမာဏတို့ကိုလည်း ထည့်သွင်းတွက်ချက်ဆောင်ရွက်သွားရန်လိုကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဇွန် ၉ ရက် နံနက်ပိုင်းတွင် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည့် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်အတွင်း ရေရရှိရေး၊ စိုက်ပျိုးရေးနှင့် စိမ်းလန်းစိုပြည်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ပြောကြားခဲ့သည်။

ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်အတွင်း မြို့ပြနှင့်ကျေးလက် လူနေထိုင်မှု၊ အလုပ်အကိုင်ဆောင်ရွက်မှု၊ လူနေမှုပုံစံတို့ကို စနစ်တကျ ပြုစုဆောင်ရွက်သွားရန်လိုပြီး ယင်းအချက်အလက်များ အပေါ်တွင်အခြေခံ၍ ဒေသနှင့်ဒေသခံများ၏ လူမှုစီးပွားဘဝများကို မြှင့်တင်ဖော်ဆောင်နိုင်မည်ဖြစ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ်က ဆက်လက်ပြောကြားရာတွင် စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် စိုက်ပျိုးမြေများကို ပြည့်ပြည့်ဝဝ အသုံးချနိုင်ရန်လိုပြီး တောင်ယာစိုက်ပျိုးခြင်းအစား လယ်၊ ကုန်းမြင့်လယ် စိုက်ပျိုးခြင်းကို ဆောင်ရွက်ကြရန်လိုကြောင်း၊ လိုအပ်သည့် ရေအရင်းအမြစ် လုံလောက်စွာရရှိရေးနှင့် သွင်းအားစုများ ပြည့်မီအောင် ထည့်သွင်းရန်လည်းလိုအပ်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဇုန်များ အကောင်အထည်ဖော်ဆောင်ရာ၌ ဇုန်ဧရိယာများ ဖော်ထုတ်စဉ်ကတည်းကပင် ရေအရင်းအမြစ်ရရှိနိုင်မှု၊ ကုန်ထုတ်လမ်းဖော်ဆောင်ပေးနိုင်မှုနှင့် အခြားအခြေခံအချက်အလက်များအားလုံးကို ထည့်သွင်းတွက်ချက်၍ သတ်မှတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေ၊ နည်းပညာသည့် အခြေခံလိုအပ်ချက် (၄) ခုအပေါ် အခြေခံ၍ စဉ်းစားဆောင်ရွက်ရမည်ဖြစ်ကြောင်းဖြင့် ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ်က ဆက်လက်ဆွေးနွေးပြောကြားရာတွင် ပြင်ဦးလွင်မြို့နယ်တွင် လူနေထိုင်မှုပမာဏသည် တစ်နှစ်ထက်တစ်နှစ် များပြားလာသည်ကိုတွေ့ရှိရပြီး ရာသီဥတုမျှတကောင်းမွန်ခြင်း၊ သန့်ရှင်းလတ်ဆတ်သည့် အသီးအနှံများကို ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူစားသောက်နိုင်ခြင်းတို့ကြောင့် လာရောက်နေထိုင်ကြခြင်းဖြစ်ကြောင်း၊ လူအများနေထိုင်ရာတွင် ရေသည် မရှိမဖြစ်လိုအပ်သည့်အရာဖြစ်သည့်အတွက် သောက်သုံးရေနှင့် စိုက်ပျိုးရေများ ဖူလုံစွာရရှိနိုင်ရေး၊ ရေအရင်းအမြစ်များ စဉ်ဆက်မပြတ်ရရှိရေးကို ဖော်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ ပြင်ဦးလွင်မြို့အား ချယ်ရီမြို့တော်၊ ပန်းမြို့တော်၊ ကော်ဖီမြို့တော်၊ ပညာရေးမြို့တော်၊ ကျန်းမာရေးမြို့တော် စသည်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြင်ဦးလွင်မြို့အား Green City ၊ Clean City ၊ Smart City ဖြစ်စေရေးအတွက်လည်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားခဲ့သည်။

ပြင်ဦးလွင်မြို့နယ်အတွင်း ရေရရှိရေး၊ စိုက်ပျိုးရေးနှင့် စိမ်းလန်းစိုပြည်ရေး ပြည်တွင်း၊ ပြည်ပမှ ခရီးသွားအများအပြားလာရောက်သည့်မြို့တစ်ခုဖြစ်သည့်အတွက် မိမိတို့ဒေသသို့ လာရောက်သည့်သူများကို အကောင်းဆုံးဝန်ဆောင်မှုများပေးခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်ရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## မဟာဝိဇယကျောင်းတိုက်၌ နယုန်လပြည့်၊ မဟာသမယအခါတော်နေ့ အခမ်းအနား ကျင်းပ

**မန္တလေး ဇွန် ၁၀**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ လမ်း ၆၀ ရှိ မဟာဝိဇယကျောင်းတိုက်၌ နယုန်လပြည့်၊ မဟာသမယအခါတော်နေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက အဆိုပါကျောင်းတိုက်၌ ကျင်းပရာ အခမ်းအနားသို့ မဟာဝိဇယကျောင်းတိုက်နာယက သဒ္ဓမ္မဇောတိကာဓဇ ဘဒ္ဒန္တဝိစာရ အရှင်မြတ်ကြွရောက်ချီးမြှင့်ပြီး ကျောင်းတိုက်၏ ဂေါပကအဖွဲ့ဝင်များ၊ ဓမ္မစကြာအဖွဲ့ ယောဂီအမျိုးသား၊ အမျိုးသမီးများ တက်ရောက်ကြည်ညိုကြသည်။



အစီအစဉ်အရ ကျောင်းတိုက်အကျိုးဆောင် ဦးယဉ်မောင်ထွန်းက အစီအစဉ်များကို ဖတ်ကြားလျှောက်ထားပြီး ဒေ့ပရိသတ်တို့က မဟာဝိဇယကျောင်းတိုက် ဆရာတော်ထံမှ ရှစ်ပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် ယောဂီ ဒေါ်ခင်စန်းလွင်က မဟာသမယအခါတော်နေ့ ကျင်းပရခြင်းအကြောင်း၊ ယောဂီ ဒေါ်လှိုင်လှိုင်သိန်းက မဟာသမယ သမိုင်းအကျဉ်း၊ ယောဂီ ဒေါ်သန်းသန်းစိန်က မဟာသမယ ဇောပိဒ် ရတုအမွှန်းကဗျာ၊ ယောဂီ ဒေါ်ခင်မာဝင်းက မဟာသမယသုတ် မြန်မာပြန်အကျဉ်းကို အသီးသီးရွတ်ဖတ်ပူဇော်ကြပြီး တက်ရောက်လာကြသူများက မဟာသမယသုတ်တော်ကို သံပြိုင်ညီညာရွတ်ဖတ်ပူဇော်ကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် ဆရာတော်ကြီးအား သင်္ကန်း အစရှိသော လှူဖွယ်ဝတ္ထုများ ဆက်ကပ်ပြီး လှူဒါန်းမှုအစုစုတို့အတွက် ဆရာတော်ကြီးက ရေစက်ချ အနုမောဒနာတရားဟောကြားချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းကြောင်း သိရသည်။

**(ဝ၅၁)**

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ




**မန္တလေး ဇွန် ၁၀**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်၊ ဟေမာဇလရပ်ကွက်၊ ၇၇လမ်း၊ ၂၇လမ်းနှင့် ၂၈လမ်းကြားတို့တွင်လည်းကောင်း ပြည်ကြီးတံခွန်မြို့နယ်၊ ၇၂လမ်းနှင့် မင်္ဂလာပန်းခြံလမ်းထောင့်၊ ငွေတော်ကျိုကုန်းရပ်ကွက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့တို့တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်ကို ဇွန် ၁၁ ရက်တွင် မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ ၅၈လမ်း၊ ၃၈လမ်းနှင့် ၃၉လမ်းကြား၊ အမရပူရမြို့နယ်၊ ကျန်တန်းရပ်ကွက်၊ ပွဲတော်ရပ်၊ ရွာလယ်လမ်းဆုံ၊ ပွဲတော်ဘုန်းကြီးကျောင်းအနီးတို့တွင်လည်းကောင်း၊ ဇွန် ၁၂ ရက်တွင် ချမ်းမြသာစည်မြို့နယ်၊ အကွက်(ဖဖ-ဝ)၊ ၅၄လမ်း၊ ၁၁၀လမ်းနှင့် ၁၁၁လမ်းကြား၊ ထွန်းတုံးရပ်ကွက်တွင်လည်းကောင်း၊ ဇွန် ၁၃ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလှံရပ်ကွက်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ ၁၁၈လမ်း၊ ၇၂လမ်းနှင့် ၇၃လမ်းကြားတို့တွင်လည်းကောင်း၊ ဇွန် ၁၄ ရက်တွင် မဟာအောင်မြေမြို့နယ်၊ ၃၆လမ်းနှင့် ၆၉လမ်းထောင့် ဝန်ထမ်းအိမ်ရာအနီး၊ အမရပူရမြို့နယ်၊ လေးစုရပ်ကွက်၊ လေးစုဓမ္မာရုံ၊ အ·ထ·က(၁)အနောက်ဘက်တို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၆)**

**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

**စိမ်းလန်းစိုပြည်လှပစေဖို့ သန့်ရှင်းသော ကမ္ဘာမြေကို စောင့်ရှောက်စို့။**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့.စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၃၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

❊ ရှေ့ဖုံးမှ

**အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိကြရာ ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထိုသို့ ကြိုဆိုနှုတ်ဆက်စဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော်အနေဖြင့် ပညာရည်မြင့်မားရေးအတွက် KG + 9 အထိ အခမဲ့ပညာရေးစနစ်ဖြင့် သင်ကြားပေးလျက်ရှိကြောင်း၊ ပညာတတ်များဖြစ်မှသာလျှင် အကောင်းအဆိုး၊ အကြောင်းအကျိုးကို ဝေဖန်ပိုင်းခြားနိုင်သည့် လူသားအရင်းအမြစ်ကောင်းများလည်း ရရှိနိုင်မည်ဖြစ်ပြီး ဒေသနှင့် နိုင်ငံ၏အကျိုးကိုလည်း ပိုမိုဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပညာရေးဝန်ထမ်းများအနေဖြင့် မိမိတို့တာဝန်ယူထားရသည့် သင်ကြားရေးလုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်သွားကြရန်နှင့် စာပေပညာ၊ လူမှုဆက်ဆံရေး အသိပညာများရရှိစေရေး သင်ကြားပေးသွားရမည်ဖြစ်ကြောင်း၊ "အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက" ဟူသည့်အတိုင်း ကလေးငယ်များအနေဖြင့် ငယ်စဉ်ကလေးဘဝကတည်းကပင် စည်းကမ်းစနစ်တကျဖြင့် နေထိုင်သွားလာပြောဆိုတတ်စေရေး သင်ကြားပေးသွားရမည်ဖြစ်ကြောင်း၊ ကျောင်းနေအရွယ်ကလေးများအားလုံး ပညာသင်ကြားနိုင်ရေးအတွက်လည်း စည်းရုံးဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားပြီး လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြန်လည်ပြုပြင်တည်ဆောက်ရန် လိုအပ်သည့် စာသင်ဆောင်များနှင့် ယာယီစာသင်ဆောင် ဆောက်လုပ်နေမှုတို့အား လှည့်လည်ကြည့်ရှု၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် စာသင်ဆောင်များ ပြန်လည်ပြုပြင်တည်ဆောက်ရာတွင် ရေရှည်ခိုင်ခံ့ကောင်းမွန်ရေးအတွက် စနစ်တကျဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို မှာကြားပြီး စာသင်ဆောင်များတွင် ကျောင်းသားကျောင်းသူများ ပညာသင်ယူနေမှုအခြေအနေများကို လိုက်လံကြည့်ရှုအားပေးသည်။

**ရာဇမဏိစူဠာ**

**ကောင်းမှုတော်စေတီတော်မြတ်ကြီး**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရာဇမဏိစူဠာကောင်းမှုတော်စေတီတော်မြတ်ကြီးသို့ ရောက်ရှိကြရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးသန်းထွန်းအောင်နှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် စေတီတော်မြတ်ကြီးရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် သစ်သီးဆွမ်းတို့ကို ကပ်လှူပူဇော်သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့မှုကြောင့် ကောင်းမှုတော်စေတီတော်မြတ်ကြီးအတွင်းပိုင်း၊ အပြင်ပိုင်းနှင့် စောင်းတန်းများ၊ သာသနိကအဆောက်အအုံများ၌ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့မှု၊ အပျက်အစီးများ ဖယ်ရှားရှင်းလင်းခြင်း လုပ်ငန်းဆောင်ရွက်ထားရှိမှု၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရသည့် ဘုရား၊ စေတီပုထိုးများ ပြုပြင်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများက လှူဒါန်းသည့် ဘိလပ်မြေ တန်ချိန် ၁၅၀၀ ကို ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းစဉ်။

◆ နိုင်ငံတော်အနေဖြင့် ပညာရည်မြင့်မားရေးအတွက် KG + 9 အထိ အခမဲ့ပညာရေးစနစ်ဖြင့် သင်ကြားပေးလျက်ရှိ

◆ ပညာတတ်များဖြစ်မှသာလျှင် အကောင်းအဆိုး၊ အကြောင်းအကျိုးကို ဝေဖန်ပိုင်းခြားနိုင်သည့် လူသားအရင်းအမြစ်ကောင်းများလည်း ရရှိနိုင်မည်ဖြစ်ပြီး ဒေသနှင့် နိုင်ငံ၏အကျိုးကိုလည်း ပိုမိုဖော်ဆောင်နိုင်မည်

◆ ထို့ကြောင့် ပညာရေးဝန်ထမ်းများအနေဖြင့် မိမိတို့တာဝန်ယူထားရသည့် သင်ကြားရေးလုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်သွားကြရန်နှင့် စာပေပညာ၊ လူမှုဆက်ဆံရေး အသိပညာများ ရရှိစေရေး သင်ကြားပေးသွားရမည်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်ကိုင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စာသင်ဆောင်၌ ကျောင်းသား ကျောင်းသူများ ပညာသင်ယူနေမှုအခြေအနေကို ကြည့်ရှုအားပေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ဆွမ်းဦးပုညရှင်စေတီတော်၌ ရှင်းလင်းဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ မဟာမြတ်မုနိဘုရားကြီးအား ဖူးမြော်ကြည်ညိုစဉ်။

*စာမျက်နှာ ၃ မှ*

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စေတီတော်မြတ်ကြီး မြောက်ဘက်မျက်နှာစာရှိ မေတ္တာကန်၌ ငါးစာကျွေးခြင်း၊ ငါးလွှတ်ခြင်းတို့ ဆောင်ရွက်၍ ကုသိုလ်ယူကြသည်။

ဆက်လက်၍ စေတီတော်မြတ်ကြီးရှိ အောင်မြေဗောဓိဓမ္မာရုံအတွင်း၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် ဂေါပကအဖွဲ့ဝင်များက ရာဇမဏိစူဠာကောင်းမှုတော် စေတီတော်မြတ်ကြီးသမိုင်းကြောင်းမှတ်တမ်းဓာတ်ပုံများ၊ မန္တလေးငလျင်မလှုပ်ခတ်မီမှတ်တမ်းဓာတ်ပုံများနှင့် ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးခဲ့ရမှု မှတ်တမ်းဓာတ်ပုံများဖြင့် ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ထိခိုက်ပျက်စီးခဲ့ရမှုများကို မူလလက်ရာအတိုင်း ပြန်လည်ပြင်ဆင်ဆောင်ရွက်သွားရန်၊ မေတ္တာကန်ပတ်လည်၌ အရိပ်ရအပင်များကို အတန်းလိုက်၊ အကန့်လိုက် စိုက်ပျိုးသွားရန်၊ ဘုရားစေတီများရှိ စောင်းတန်းများတွင် ဘုရားဖူးလာရောက်သူများ စိတ်အေးချမ်းသာစွာဖြင့် နားနေနိုင်ရေး ဆောင်ရွက်ပေးသွားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က စေတီတော်မြတ်ကြီးအတွက် ဘက်စုံစုပေါင်းအလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ငလျင်ဘေးဒဏ်ဖြစ်ပေါ်ချိန်တွင် ပြင်းထန်သောလှုပ်ခတ်မှုများကြောင့် မြေခခဲ့ရသည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို ကြည့်ရှုစစ်ဆေးစဉ်။

**ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရသည့် ဘုရား၊ စေတီပုထိုးများ ပြုပြင်ရေးလုပ်ငန်းများတွင် အသုံးပြုရန် အတွက် တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစု များက ဘိလပ်မြေတန်ချိန် ၁၅၀၀လှူဒါန်း**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သီတဂူဝိပဿနာကျောင်းတိုက်သို့ ရောက်ရှိပြီး နိုင်ငံတော်ဩဝါဒါစရိယ သောဌသမ ရွှေကျင်သာသနာပိုင် ဆရာတော်၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရ အား ဖူးမြော်ကြည်ညိုကာ ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရသည့် မြတ်စွာဘုရားရှင်၏ ဓာတ်တော်မွေတော်များ ကိန်းဝပ်ရာ ဘုရား၊ စေတီပုထိုးများ ပြုပြင်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများက လှူဒါန်းသည့် ဘိလပ်မြေတန်ချိန် ၁၅၀၀ နှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ် လှူဒါန်းသည်။ ယင်းနောက် လှူဒါန်းမှုအစုစုတို့အား ငလျင်သဘာဝဘေးကြောင့် အသက်ခန္ဓာ ဆုံးရှုံးခဲ့ရသည့် ရဟန်းသံဃာများ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ပြည်သူအပေါင်းတို့ ရရှိစေရန် အမျှပေးဝေကြသည်။

**ဆွမ်းဦးပုညရှင်စေတီတော်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ဆွမ်းဦးပုညရှင်စေတီတော်သို့ ရောက်ရှိကြပြီး ထိခိုက်ပျက်စီးမှုများအား ရှင်းလင်းဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဓမ္မာရုံ၌ ဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ဆွမ်းဦးပုညရှင်စေတီတော်မြတ်ကြီး သမိုင်းကြောင်း မှတ်တမ်းဓာတ်ပုံများ၊ မန္တလေးငလျင်မလှုပ်ခတ်မီ မှတ်တမ်းဓာတ်ပုံများနှင့် ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုမှတ်တမ်းဓာတ်ပုံများ၊ စေတီတော်ကြီးအား ကျွမ်းကျင်ပညာရှင်များက တိုင်းတာစစ်ဆေးခြင်းများ ပြုလုပ်ခဲ့မှုအခြေအနေများ၊ စေတီတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သံကူကွန်ကရစ်ထုပ်များဖြင့် အားဖြည့်တည်ထားမည့်နမူနာပုံစံများ၊ စေတီတော်မြတ်ကြီးနှင့် သာသနိကအဆောက်အအုံများ နေရာချထားမည့် နမူနာပုံစံများအား ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စေတီတော်မြတ်ကြီးအား ရေးမူမပျက် မူလပုံစံအတိုင်း ပြန်လည်ပြင်ဆင်ထိန်းသိမ်းဆောင်ရွက်သွားရန်၊ စေတီတော်မြတ်ကြီး၏ ယခင်မှတ်တမ်းဓာတ်ပုံများကို ပြန်လည်စုဆောင်း၍ သမိုင်းမှတ်တမ်းဓာတ်ပုံများ စနစ်တကျပြုစုထားရှိသွားရန်နှင့် စေတီတော်ကြီးနှင့် သာသနိကအဆောက်အအုံများ ပြန်လည်တည်ဆောက်ရာတွင် ခိုင်ခံ့မှုရှိစေရေး စနစ်တကျ တွက်ချက်တည်ဆောက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားပြီး ဓမ္မာရုံတော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုသည်။

**စစ်ကိုင်းတံတား(အင်းဝ) ခုံအမှတ်(၄)နှင့်(၅) ဖယ်ရှားရှင်းလင်း**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရွှေဝတီတံတား(ရတနာပုံ)သို့ ရောက်ရှိကြရာ တာဝန်ရှိသူတစ်ဦးက စစ်ကိုင်းတံတား(အင်းဝ) ခုံအမှတ်(၄)နှင့်(၅) အပျက်အစီးများကို ဖယ်ရှားရှင်းလင်း၍ ရေလမ်းကြောင်း ဖွင့်လှစ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ရွှေဝတီတံတား(ရတနာပုံ)တွင် Lateral Bracing , Bearing နှင့် Pier တိုင်များ ပျက်စီးသည့်အခြေအနေများ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

**မဟာမြတ်မုနိဘုရားကြီး ဖူးမြော်ကြည်ညို**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မဟာမြတ်မုနိဘုရားကြီးသို့ ရောက်ရှိကြပြီး ပန်း၊ ရေချမ်းကပ်လှူပူဇော်ကာ ဖူးမြော်ကြည်ညို၍ ငလျင်ဘေးဒဏ်ဖြစ်ပေါ်ချိန်တွင် ပြင်းထန်သောလှုပ်ခတ်မှုများကြောင့် မြေခခဲ့ရသည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့၌ စေတနာရှင် အများပြည်သူများလှူဒါန်းထားရှိသည့် ရတနာရွှေငွေကျောက်သံပတ္တမြားနှင့် စိန်ဖူးတော်များ၊ ငလျင်လှုပ်ခတ်စဉ်

*စာမျက်နှာ ၅ သို့*

- **ထိခိုက်ပျက်စီးခဲ့ရမှုများအား မူလလက်ရာမပျက် စနစ်တကျဖြင့် ပြန်လည်ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်းများကို ဆောင်ရွက်သွားရန်လို**
- **အင်ဂျင်နီယာရှုထောင့်မှကြည့်၍ ပြုပြင်မှုများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်သွားရန်နှင့် ပြုပြင်မှုများကို စနစ်တကျမှတ်တမ်းထားရှိရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များ လမ်းညွှန်မှာကြား**

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဝမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

စာမျက်နှာ ၄ မှ

ကွာကျခဲ့ရသည့် ရှေးဟောင်းလက်ရာ နံရံဆေးရေးပန်းချီများ ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် မဟာမြတ်မုနိဘုရားကြီးနှင့် သာသနိကအဆောက်အအုံများ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများနှင့် ပြန်လည်ပြုပြင်တည်ဆောက်လျက်ရှိသည့် အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ ပြတိုက်တော်ကြီးအတွင်း၌ မန္တလေးမြို့တော်ဝန်နှင့် မဟာမြတ်မုနိဘုရားကြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌတို့က ငလျင်ဖြစ်ပေါ်ခဲ့စဉ် ထိခိုက်ပျက်စီးခဲ့ရမှုအခြေအနေများနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ထိခိုက်ပျက်စီးခဲ့ရမှုများအား မူလလက်ရာမပျက် စနစ်တကျဖြင့် ပြန်လည်ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်းများကို ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ အင်ဂျင်နီယာရှုထောင့်မှကြည့်၍ ပြုပြင်မှုများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်သွားရန်နှင့် ပြုပြင်မှုများကို စနစ်တကျမှတ်တမ်းထားရှိရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များ လမ်းညွှန်မှာကြားသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မဟာအတုလဝေယန်(အတုမရှိ)ကျောင်းတော်ကြီး၌ ဂေါပကအဖွဲ့ထံ ဘက်စုံစုပေါင်း အလှူတော်ငွေများ ပေးအပ်လှူဒါန်းစဉ်။

## ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုအခြေအနေကို ကြည့်ရှုစစ်ဆေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ မဟာမြတ်မုနိဘုရားကြီးနှင့် သာသနိကအဆောက်အအုံများ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

### မဟာအတုလဝေယန်(အတုမရှိ) ကျောင်းတော်ကြီးနှင့် စူဠာမုနိရုပ်ရှင်တော်မြတ်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မဟာအတုလဝေယန်(အတုမရှိ)ကျောင်းတော်ကြီးသို့ ရောက်ရှိကြရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် ကျောင်းတော်ကြီးအတွင်းရှိ စူဠာမုနိရုပ်ရှင်တော်မြတ်နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စူဠာမုနိရုပ်ရှင်တော်မြတ်အား ပိုမိုကြည်ညိုသပ္ပာယ်ဖွယ်ဖြစ်စေရေးအတွက် ရွှေသင်္ကန်းတော်နှင့် ရွှေပလ္လင်တော်ကပ်လှူပူဇော်ထားရှိမှုအား ကြည့်ရှုကာ လိုအပ်သည်များကို မှာကြားပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ဘက်စုံစုပေါင်းအလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် မဟာအတုလဝေယန်(အတုမရှိ)ကျောင်းတော်ကြီးဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး ကျောင်းတော်ကြီးနှင့် ရုပ်ပွားတော်မြတ်များအား ပိုမိုကြည်ညိုသပ္ပာယ်ဖွယ်ဖြစ်စေရေး ထိန်းသိမ်းဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကာ လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မြန်မာနိုင်ငံစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၅)ကျင်းပ

# စာကြည့်တိုက်များ ရေရှည်ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ကြိုးစားဆောင်ရွက်သွားကြရမည်

နေပြည်တော် ဇွန် ၁၀

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၅)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာနိုင်ငံစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေး(၁/၂၀၂၅)တွင် အမှာစကားပြောကြားစဉ်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဖံ၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ လူမှုရေးရာဝန်ကြီးများ၊ မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးညွန့်ဆွေ၊ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ မြင်းမူ မောင်နိုင်မိုးနှင့် တာဝန်ရှိသူများက Video Conferencing ဖြင့် တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နိုင်ငံတော် ဝန်ကြီးချုပ်အနေဖြင့် လူငယ်နှင့် စာပေကဏ္ဍကို အထူးအလေးနက်ထားပြီး လူငယ်များ စာဖတ်ခြင်း အလေ့အကျင့်ဖြစ်စေရေးအတွက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရန် မှာကြားထားပါကြောင်း၊ ကလေးများ စိတ်ဝင်တစား ပျော်ရွှင်စွာဖြင့် စာဖတ်ချင်စိတ် ဖြစ်ပေါ်စေရေး အတွက် နည်းလမ်းအမျိုးမျိုးဖြင့် ဆောင်ရွက်သင့်ပါကြောင်း၊ Community Center များတွင် ရုပ်ဖိရုပ်ဖများနှင့်အတူ ကလေးများကို စာဖတ်ဝိုင်း သို့မဟုတ် စာပေနှင့်ပတ်သက်သည့် စကားဝိုင်းများ ဆောင်ရွက်သင့်ပါကြောင်း၊ မန္တလေးငလျင်အလွန်တွင် လူငယ်များ ပညာသင်ကြားနိုင်ရေး အတွက် အခြေခံပညာစာသင်ကျောင်းများ ဖွင့်လှစ်နိုင်ရေးနှင့် Grade 12 ပြန်လည်ဖြေဆိုနိုင်ရေး အတွက် လိုအပ်သည့် အထောက်အပံ့များ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းတို့သည် နိုင်ငံတော်အနေဖြင့် ပညာရေးကဏ္ဍတွင် အလေးနက်ထားသည်ကို သိရှိနိုင်ပါကြောင်း၊ စာကြည့်တိုက်များ ရေရှည်ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လုပ်ငန်းများကို အရှိန်အဟုန်မပျက် ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီ အတွင်းရေးမှူး ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး (ကိုယ်စား) အမြဲတမ်းအတွင်းဝန်က ၂၀၂၄ ခုနှစ်အတွင်း စာကြည့်တိုက်များ ဆောက်လုပ်ခဲ့မှု အခြေအနေ၊ ကော်မတီဖွဲ့စည်းထားရှိမှုနှင့် လုပ်ငန်းတာဝန်များအား ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီ အဖွဲ့ဝင်များက စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူငယ်များ စာဖတ်ရှိန် မြှင့်တင်နိုင်ရေးတို့အတွက် ပွဲတော်များဆောင်ရွက်ခဲ့မှု၊ ဆက်လက်ဆောင်ရွက်သွားမည့်အစီအမံများ၊ လိုအပ်ချက်များကို ဝိုင်းဝန်းဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြချက်များအပေါ် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဖြည့်စွက်မှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။ **သတင်းစဉ်**

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၁၀

**မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။**

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်နှင့် တာဝန်ရှိသူများသည် ကျောက်ဆည်မြို့ ဆူးကုန်းရပ်ကွက်ရှိ ခရိုင်စုပေါင်းရုံးဝင်းအတွင်း Modular Container House များ ဆောက်လုပ်ပြီးစီးမှုကို သွားရောက်ကြည့်ရှုစစ်ဆေး၍ အသစ်ထပ်မံတည်ဆောက်မည့် မြေနေရာများအား ရွေးချယ်သတ်မှတ်ပေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

**အထူးဈေးနှုန်းဖြင့် ရောင်းချပေး**

ထို့နောက် ကျောက်ဆည်မြို့ ဘောဂဝတီရပ်ကွက် မင်းရဲဆည်အတွင်း၌ ခရိုင်မီးသတ်ဦးစီးဌာနက ကျင်းပပြုလုပ်သည့် ရေပြင်အသက်ကယ်သရုပ်ပြ လေ့ကျင့်ခြင်း အခမ်းအနားသို့ တက်ရောက်၍ အသက်ကယ်လှေများဖြင့် သရုပ်ပြခြင်းနှင့် လက်တွေ့ရေပြင်ကယ်ဆယ်ခြင်း သရုပ်ပြလေ့ကျင့်မှုများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားပြီး ဂုဏ်ပြုငွေများ ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် စဉ့်ကိုင်မြို့နယ် တောင်ရင်းကျေးရွာရှိ TOP Myanmar ပီနံအိတ်စက်ရုံနှင့် KIYO-MYANMAR Healthy Friut & Veggie Chips စက်ရုံတို့၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှု၊ ပြန်လည်ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုနှင့် လုပ်ငန်းများပြန်လည်လည်ပတ်နေမှုများ၊ ဘဲလင်းကျေးရွာရှိ မြင့်မိုရ်တောင်ဘုရားနှင့် နှစ်ဆူတောင် ဘုန်းတော်ကြီးကျောင်းတို့ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများ၊ စဉ့်ကိုင်မြို့နယ်အတွင်းရှိ ငလျင်ဘေးဒဏ်ကြောင့် ပျက်စီးသွားခဲ့သည့် ဘုရားစေတီများ၊ သာသနိကအဆောက်အအုံများနှင့် နေအိမ်အဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် လိုအပ်လျက်ရှိသော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများကို စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် ရောင်းချပေးနေမှုများနှင့် ဥယျာဉ်ငယ်ကျေးရွာ ဥယျာဉ်လေးပရဟိတဘုန်းကြီးကျောင်းရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများနှင့် ပြန်လည်ပြုပြင်ရေး ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး ဥယျာဉ်လေး ပရဟိတဘုန်းတော်ကြီးကျောင်း ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင် ကျောက်ဆည်မြို့ စဉ့်ကိုင်မြို့နယ် အတွင်းရှိ ငလျင်ဘေးဒဏ်ကြောင့် ပျက်စီးသွားသော ဘုရားစေတီများ၊ သာသနိကအဆောက်အအုံများနှင့် လူနေအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် လိုအပ်လျက်ရှိသော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများအား စက်ရုံထုတ် အထူးဈေးနှုန်းဖြင့် ရောင်းချပေးနေမှုအခြေအနေများ သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။

# မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် တောင်ကိုရီးယားနိုင်ငံသား သုံးဦး သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံပြည်နှင်လွှဲပြောင်းပေးအပ်



နေပြည်တော် ဇွန် ၁၀

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး (KK Park) နှင့် ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် တောင်ကိုရီးယားနိုင်ငံသား သုံးဦးအား မြန်မာ-ထိုင်းအမှတ် (၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

ပြည်နှင် လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက ယနေ့ နံနက်ပိုင်းတွင် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များ၏ ပြည်နှင်လွှဲပြောင်းပေးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု၊ စာရင်းဇယား၊ အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ တောင်ကိုရီးယား သမ္မတနိုင်ငံသံရုံးမှ Counsellor Mr. Rhee Wuchan နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူထံသို့ ပြည်နှင်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်မှ ဇွန်လ ၁၀ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၁၁၄ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၈၇၅၄ ဦးအား ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၃၆၀ အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင် ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေ

နေပြည်တော် ဇွန် ၁၀

ယနေ့ညနေ ၄ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့် လည်းကောင်း၊ အရှေ့ဘက်မှရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့် လည်းကောင်း ယနေ့ညနေမှ ဇွန် ၁၆ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

## ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၌ လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲမှုကြောင့် အမျိုးသားတစ်ဦးနှင့် အမျိုးသမီး ကိုးဦးတို့ ဒဏ်ရာရရှိ

နေပြည်တော် ဇွန် ၁၀

အစွန်းရောက် အကြမ်းဖက်သမားများသည် အေးချမ်းစွာနေထိုင်လျက်ရှိသော ပြည်သူများနှင့် တရားဥပဒေစိုးမိုးရေးအတွက် ပိုင်းဝန်းဆောင်ရွက်နေသော အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအား ထိခိုက်ဒဏ်ရာရရှိစေရန် ရည်ရွယ်ချက်များဖြင့် အကြမ်းဖက်ဖောက်ခွဲရေးလုပ်ရပ်များအား ငွေကြေးထောက်ပံ့ကာ နောက်ကွယ်မှ သွေးထိုးမြှောက်ပင့်လှုံ့ဆော်မှုများဖြင့် အများပြည်သူ သွားလာအသုံးပြုသော လမ်းမကြီးများ၊ ရထားလမ်းများ၊ ဌာနဆိုင်ရာရုံးအဆောက်အအုံများနှင့် လူနေအိမ်များအား ဖောက်ခွဲရေးပစ္စည်းကိရိယာများ အသုံးပြု၍ မိုင်းထောင်ဖောက်ခွဲခြင်း၊ အဝေးမှ ပစ်ခတ်ဖောက်ခွဲခြင်းများ ပြုလုပ်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ၂၀၂၅ ခုနှစ် ဇွန် ၉ ရက် ည ၇ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် အောက်ဝါးနက်ချောင်းကျေးရွာ နယ်မြေခံသင်တန်းကျောင်းအုတ်တံတိုင်းဘေးတွင် လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ "ဝါဖူး" အထည်ချုပ်စက်ရုံမှ ကြာဖြူကန်ကျေးရွာနေ ဦးဝင်းကျော် ၄၀ နှစ် မောင်းနှင်ပြီး အထည်ချုပ်ဝန်ထမ်းများ လိုက်ပါလာသည့် 9B/1349 Isuzu Canda မော်တော်ယာဉ်သည် အဆိုပါနေရာအနီးအရောက်၌ အကြမ်းဖက်သမားများထောင်ထားသည့် လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲခဲ့မှုကြောင့် ယာဉ်ပေါ်တွင် လိုက်ပါလာသည့် ဝါဖူးအထည်ချုပ်စက်ရုံမှ အလုပ်သမားများဖြစ်သည့် ကျော်ရဲအောင်(၃၃) နှစ်၊ ဒေါ်မြမြဆင့်(၄၅)နှစ်၊ ဒေါ်ထွေးထွေးရီ(၄၁)နှစ်၊ မအိပိုပိုသက်(၂၃)နှစ်၊ မအေးမာထွန်း(၄၃)နှစ်၊ မဇင်မာသင်း(၂၉)နှစ်၊ မအိအိပြုံး(၃၅)နှစ်၊ မဝေနှင်းစိုး(၂၈)နှစ်၊ မလေးလေးနွယ်(၅၀)နှစ်၊ မနွယ်နွယ်ဝါ (၃၃)နှစ်၊ စုစုပေါင်း အမျိုးသားတစ်ဦး၊ အမျိုးသမီးကိုးဦးတို့တွင် မိုင်းစထိမှန်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ အကြမ်းဖက်မှုကျူးလွန်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား

## တပ်မတော်(လေ)မှ တိုက်ခိုက်ရေးလေယာဉ်တစ်စင်း လေ့ကျင့်ပျံသန်းရေးဆောင်ရွက်စဉ် စက်ချွတ်ယွင်းကာ မတော်တဆမှုဖြစ်ပွား

နေပြည်တော် ဇွန် ၁၀

တပ်မတော်(လေ)မှ တိုက်ခိုက်ရေးလေယာဉ်တစ်စင်းသည် လေ့ကျင့်ပျံသန်းရေး ဆောင်ရွက်စဉ် ယနေ့မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်ခန့်တွင် ပုလဲမြို့နယ် မင်းတိုင်ပင်ကျေးရွာ၏ အရှေ့ဘက် မီတာ ၂၀၀၀ ခန့်အကွာ စပါးစေ့ကျေးရွာအနီးသို့အရောက် ရုတ်တရက်စက်ချွတ်ယွင်းမှုဖြစ်ပေါ်ခဲ့ကာ မြေပြင်ပေါ်သို့ပျက်ကျခဲ့ပြီး မီးလောင်မှုဖြစ်ပွားခဲ့သည်။

အဆိုပါ လေယာဉ်ပျက်ကျခဲ့သည့် နေရာတစ်ဝိုက်သို့ လုံခြုံရေးတပ်ဖွဲ့ဝင်များကသွားရောက်၍ လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး သက်ဆိုင်ရာတာဝန်ရှိသူများက လေယာဉ်စက်ချွတ်ယွင်းမှုအကြောင်းအရင်းအား စုံစမ်းစစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဇွန် ၁၀

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် ဇွန် ၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "ရန်နိုင်ထက်" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ် ရွှေဘုန်းရှိန်ရပ်ကွက်နေ ရန်နိုင်ထက်(ခ)ရန်နိုင်အား ညနေ ၄ နာရီ မိနစ် ၅၀ တွင် ချမ်းမြသာစည်မြို့နယ်၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။


သတင်းစဉ်






တရုတ်နိုင်ငံ၊ ဟူနန်ပြည်နယ်၊ ချန်ရှားမြို့ရှိ ချန်ရှားချန်ဂျွန် အထက်တန်းကျောင်းမှ ကျောင်းသားများ ဇွန် ၉ ရက်က အမျိုးသားအဆင့် တက္ကသိုလ်ဝင်တန်း စာမေးပွဲအပြီးတွင် ကျောင်းထဲမှ ပြေးထွက်လာကြစဉ်။ Mon

## ၂၀၂၅ ခုနှစ် ချန်ချွမ်း အလင်းထုတ်ကုန်ဆိုင်ရာ ကုန်စည်ပြပွဲ ဖွင့်လှစ်




**ချန်ချွမ်း ဇွန် ၁၀**

နိုင်ငံတကာ အလင်းနှင့် အီလက်ထရွန်းနစ်ဆိုင်ရာ ကုန်စည်ပြပွဲ၊ Light နိုင်ငံတကာ ညီလာခံ (အတိုကောက်- ၂၀၂၅ ခုနှစ် ချန်ချွမ်း အလင်းထုတ်ကုန်ဆိုင်ရာ ကုန်စည်ပြပွဲ)ကို တရုတ်နိုင်ငံ ချန်ချွမ်းမြို့ အရှေ့မြောက်အာရှ နိုင်ငံတကာ ကုန်စည်ပြပွဲစင်တာ၌ ယနေ့တွင် ဖွင့်လှစ်ကျင်းပခဲ့သည်။

ယခုအကြိမ် ကုန်စည်ပြပွဲကို "အလင်းနှင့် အီလက်ထရွန်းနစ် အရည်အသွေးသစ်အနာဂတ်ကို ဦးဆောင်ခြင်း" ဟူသော ခေါင်းစဉ်ဖြင့်ကျင်းပခဲ့ရာ အလင်းနှင့် အီလက်ထရွန်းနစ် အချက်အလက်နယ်ပယ်ရှိ အဆင့်မြင့်နည်းပညာများနှင့် နောက်ဆုံးပေါ် ထုတ်ကုန်များကို အဓိကထားပြသခဲ့သည်။

သိပ္ပံနည်းပညာနှင့် ဈေးကွက်၊ စီမံကိန်းနှင့်ရင်းနှီးမြှုပ်နှံမှု၊ စက်မှုလုပ်ငန်းနှင့်လူရည်ချွန်များအကြား ချိတ်ဆက်ဖလှယ်ပေးသော ပလက်ဖောင်း တည်ဆောက်ပေးခြင်းမှတစ်ဆင့် အလင်းနှင့် အီလက်ထရွန်းနစ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးကူညီခဲ့သည်။ (ဆင်ဟွာ)

## ယခုနှစ် ပထမသုံးလအတွင်း ကားအရောင်းသွက်ခဲ့သည့်တိုင် ဗင်းဖတ်စ်ကုမ္ပဏီ သုံးလအတွင်း ဒေါ်လာ ၇၁၂ သန်း ဆုံးရှုံး

**ဟနွိုင်း ဇွန် ၁၀**


ဗီယက်နမ်နိုင်ငံ၏ ပထမဆုံးပြည်တွင်းကားထုတ်လုပ်သည့် ဗင်းဖတ်စ်ကုမ္ပဏီသည် ယခုနှစ် ပထမသုံးလအတွင်း ကားအရောင်းသွက်ခဲ့သည့်တိုင် အမေရိကန်ဒေါ်လာ ၇၁၂ သန်း အသားတင်ဆုံးရှုံးမှုရှိသည်ဟု ဇွန် ၉ ရက်တွင် ထုတ်ပြန်ကြေညာကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ဗင်းဖတ်စ်လျှပ်စစ်ကားကုမ္ပဏီအနေဖြင့် အမေရိကန်အခြေစိုက် တက်စလာ အပါအဝင် ကမ္ဘာ့ထိပ်တန်းကုမ္ပဏီများနှင့် ယှဉ်ပြိုင်ရန် ရည်မှန်းထားသည်။

ကုမ္ပဏီ၏ ထုတ်ပြန်ချက်အရ ပထမသုံးလအတွင်း လျှပ်စစ်ကား ၃၆၃၃၀ စီးရောင်းချနိုင်ခဲ့ပြီး ၎င်းမှာ ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ၂၉၆ ရာခိုင်နှုန်း တိုးတက်မှုဖြစ်ကြောင်း သိရသည်။

စုစုပေါင်း အမြတ်ငွေမှာ အမေရိကန်ဒေါ်လာ ၆၅၆ ဒသမ ၅ သန်းဖြစ်ပြီး ၂၀၂၄ ခုနှစ်ကာလနှင့်နှိုင်းယှဉ်ပါက ၁၅၀ ရာခိုင်နှုန်းနီးပါး တိုးတက်လာခဲ့သည်။

မည်သို့ပင်ဖြစ်စေ "ကမ္ဘာလုံးဆိုင်ရာ မတည်ငြိမ်မှုများကြားတွင် ၂၀၂၅ ခုနှစ်အတွက် စိတ်လှုပ်ရှားဖွယ် အစဖြစ်ခဲ့သည်" ဟု ဗင်းဖတ်စ်ကုမ္ပဏီကို ဦးဆောင်နေသော မစ္စမစ္စတီလဲက ထုတ်ဖော်ပြောကြားခဲ့ကြောင်း သိရသည်။ Mon






## ကမ္ဘာ့သမုဒ္ဒရာများ ပရမ်းပတာဖြစ်မသွားစေရန် တားဆီးရမည်ဟု အန်တိုနီယို ဂူတာရက်စ် တိုက်တွန်းပြောကြား

**ဝါရှင်တန် ဇွန် ၁၀**

ပြင်သစ်နိုင်ငံ နီးစ်မြို့၌ ဇွန် ၉ ရက်က ကမ္ဘာ့သမုဒ္ဒရာညီလာခံကျင်းပရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က ကမ္ဘာ့အနက်ရှိုင်းဆုံး သမုဒ္ဒရာများ ပရမ်းပတာဖြစ်မသွားစေရန် တားဆီးရမည်ဟု တိုက်တွန်းပြောကြားခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ကမ္ဘာ့ခေါင်းဆောင်များသည် နိုင်ငံများက ကြီးမားသောသတ္တုများအတွက် သမုဒ္ဒရာကြမ်းပြင်တူးဖော်ခြင်းဆိုင်ရာ အငြင်းပွားဖွယ်စည်းမျဉ်းများနှင့် ပလတ်စတစ်ညစ်ညမ်းမှုဆိုင်ရာ ကမ္ဘာလုံးဆိုင်ရာ စာချုပ်အချက်အလက်များကို အငြင်းပွားနေစဉ် ကုလသမဂ္ဂသမုဒ္ဒရာညီလာခံတွင် တက်ရောက်နေကြသည်။

အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်သည် အပြည်ပြည်ဆိုင်ရာရေပြင်တွင် အမေရိကန်၏ စူးစမ်းလေ့လာရေးလုပ်ငန်းများကို အရှိန်မြှင့်တင်ရန် လှုပ်ရှားဆောင်ရွက်ခဲ့ပြီး ထိုသို့အစပျိုးနေသော ကဏ္ဍကို စည်းမျဉ်းစည်းကမ်းဖြင့် ထိန်းညှိရန် ကမ္ဘာလုံးဆိုင်ရာကြိုးပမ်းမှုများကို ကျော်လွှားကာ အနက်ရှိုင်းဆုံးသမုဒ္ဒရာတူးဖော်ခြင်းဆိုင်ရာ အငြင်းပွားမှုများကို အရေးတကြီးဖြေရှင်းခဲ့ကြောင်း သိရသည်။ Mon

## အိန္ဒိယတွင် ယမန်နှစ်က လေအေးပေးစက်ပေါင်း ၁၄ သန်း ရောင်းချခဲ့

**ဒေလီ ဇွန် ၁၀**

အိန္ဒိယဈေးကွက်တွင် ယမန်နှစ်က လေအေးပေးစက်ပေါင်း ၁၄ သန်းရောင်းချခဲ့သည့် စံချိန်တင်မှတ်တမ်းရရှိခဲ့ပြီး နှစ်လယ်ပိုင်းတွင် အိမ်သုံးလေအေးပေးစက်ပိုင်ဆိုင်မှု ထပ်တိုးလာဦးမည်ဟု ခန့်မှန်းထားကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ယင်းအခြေအနေသည် ရာသီဥတုကိုပူနွေးစေသည့် ကျောက်မီးသွေးကို အဓိကအသုံးပြုထုတ်လုပ်သော လျှပ်စစ်ဓာတ်အားအပေါ် တောင်းဆိုမှုကိုလည်း တိုးမြင့်စေမည်။ ဆက်လက်၍ တစ်နိုင်ငံလုံး၏ ပူပြင်းတောက်လောင်နေသော လမ်းများထဲသို့ စွန့်ထုတ်လိုက်သည့် လေအေးပေးစက်များမှ ပူနွေးသောလေကိုလည်း ပိုမိုများပြားစေမည်ဖြစ်သည်။

ကျွမ်းကျင်သူများ၏အလိုအရ ဤတိုးတက်မှုသည် ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံအနေဖြင့် တောင်းဆိုမှုကို ဖြည့်ဆည်းရန် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို သုံးဆတိုးရန် လိုအပ်နိုင်လိမ့်မည်ဟု ဆိုသည်။

အစိုးရထုတ်ပြန်ချက်အရ လူဦးရေ ၁ ဒသမ ၄ ဘီလီယံရှိသည့် အိန္ဒိယနိုင်ငံသည် ၂၀၂၄-၂၀၂၅ ခုနှစ်တွင် ကျောက်မီးသွေးတန်ချိန် တစ်ဘီလီယံကို လောင်ကျွမ်းစေခဲ့ပြီး ရာသီဥတုကိုပူနွေးစေသည့် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လုပ်မှုတွင် ကမ္ဘာ့တတိယအကြီးဆုံးနိုင်ငံဖြစ်လာနေကြောင်း သိရသည်။ Mon



STOP AIDS

## ကွန်တိန်နာသင်္ဘောပေါ်တွင် မီးလောင်လူ ၁၈ ဦးကို ကယ်ဆယ်နိုင်ခဲ့ပြီး လေးဦးပျောက်ဆုံးနေ

**စင်ကာပူ ဇွန် ၁၀**

အိန္ဒိယ ကမ်းရိုးတန်းအနီး ဇွန် ၉ရက်က စင်ကာပူမှတ်ပုံတင်ထားသော ကွန်တိန်နာသင်္ဘောတစ်စီးပေါ်တွင် မီးလောင်မှုဖြစ်ပွားပြီးနောက် သင်္ဘောသားလေးဦးပျောက်ဆုံးနေကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

အိန္ဒိယနိုင်ငံ၊ ကေရာလပြည်နယ် အဇစ်ကားလ်မြို့၏ အနောက်တောင်ဘက် ကီလိုမီတာ ၈၀ အကွာတွင် ဝမ်ဟိုင်း ၅၀၃ ဟု အမည်ပေးထားသော ထိုသင်္ဘော ခရီးနှင်နေစဉ် ဒေသစံတော်ချိန် မွန်းတည့် ၁၂နာရီ မိနစ် ၃၀ခန့်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း စင်ကာပူရေကြောင်းနှင့် ဆိပ်ကမ်း အာဏာပိုင်အဖွဲ့က အတည်ပြုသည်။

လူ ၂၂ ဦးလိုက်ပါလာခဲ့ပြီး ပျောက်ဆုံးနေသော သင်္ဘောသားများတွင် ထိုင်ဝမ်ကျွန်းသား နှစ်ဦး၊ မြန်မာနိုင်ငံသား တစ်ဦးနှင့် အင်ဒိုနီးရှားနိုင်ငံသားတစ်ဦး ပါဝင်သည်။ အခင်းဖြစ်ပွားစဉ် လူ ၁၈ ဦးကို ကယ်ဆယ်နိုင်ခဲ့ပြီး ငါးဦး ဒဏ်ရာရရှိခဲ့သည်။

ဒဏ်ရာရသူများကို လေ့များဖြင့် အိန္ဒိယရေတပ်သင်္ဘောသို့ ပြောင်းရွှေ့ပြီး မန်ဂလောဆိပ်ကမ်းသို့ ခေါ်ဆောင်သွားခဲ့ကြောင်း သိရသည်။ Mon

## ဆန္ဒပြမှုများကို တုံ့ပြန်သောအားဖြင့် မရိန်းတပ်ဖွဲ့ဝင်များစေလွှတ်ရန် သမ္မတ ဒေါ်နယ်လ်ထရမ့် အမိန့်ပေး

**ဝါရှင်တန် ဇွန် ၁၀**

လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဆန္ဒပြမှုများကို တုံ့ပြန်သည့်လုပ်ဆောင်ချက်အဖြစ် ပင်တဂွန်စစ်ဌာနချုပ်က မရိန်းတပ်ဖွဲ့ဝင်များကို လော့စ်အိန်ဂျယ်လိစ်မြို့သို့ စေလွှတ်ရန် အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်က အမိန့်ပေးထားကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ယမန်နေ့က ထုတ်ပြန်ခဲ့သည့် ထုတ်ပြန်ချက်တွင် ကယ်လီဖိုးနီးယားပြည်နယ်ရှိ အစိုးရဝန်ထမ်းများနှင့် ၎င်းတို့၏ပိုင်ဆိုင်မှုများကို ကာကွယ်ရန် မရိန်းတပ်ဖွဲ့ဝင် ၇၀၀ ကို အသင့်ပြင်စေခဲ့ကြောင်း ပင်တဂွန်စစ်ဌာနချုပ်က အတည်ပြုသည်။

သမ္မတထရမ့်က ထိုမြို့သို့ အမေရိကန်အမျိုးသားကာကွယ်ရေးတပ်ဖွဲ့များကို တစ်ရက်စော၍ စေလွှတ်ခဲ့ပြီးနောက် မရိန်းတပ်ဖွဲ့စေလွှတ်မည့် သတင်းထွက်ပေါ်လာခြင်းဖြစ်သည်။

ကယ်လီဖိုးနီးယားပြည်နယ် အုပ်ချုပ်ရေးမှူး ဂေဗင်နယူဆမ်အပါအဝင် ပြည်နယ်အရာရှိများ၏ ကန့်ကွက်မှုများရှိခဲ့သော်လည်း ဤအခြေအနေကို မွမ်းမံထုတ်ပြန်ခဲ့သည်။ နယူဆမ်သည် ယခင်က အမျိုးသားကာကွယ်ရေးတပ်ဖွဲ့စေလွှတ်မှုကို တရားဝင်စွဲချက်တင်ခဲ့ဖူးကြောင်း သိရသည်။ Mon



## သဘာဝဘေးအန္တရာယ်နှင့် အခြားသောဘေးအန္တရာယ်များ ကြိုတင်ကာကွယ်နိုင်ရေး ဇာတ်တိုက်လေ့ကျင့်

**မိုင်းယန်း ဇွန် ၁၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယန်းခရိုင်၊ မိုင်းယန်းမြို့နယ်တွင် သဘာဝဘေးအန္တရာယ်နှင့် အခြားသော ဘေးအန္တရာယ်များ ကျရောက်လာပါက မြို့နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များ ထိခိုက်ဆုံးရှုံးမှုကို လျင်မြန်စွာ ကူညီတုံ့ပြန်နိုင်ရန်နှင့် ကြိုတင်ကာကွယ်နိုင်ရန် ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ဇာတ်တိုက်လေ့ကျင့်လက်တွေ့သရုပ်ပြသခြင်းကို ဇွန် ၉ ရက် နံနက် ၉ နာရီက ဟောကန်ရပ်ကွက်အတွင်းရှိ မြို့နယ်မီးသတ်ဦးစီးဌာန၌ ကျင်းပသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်ဦး၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မော်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ တပ်ရင်းတပ်ဖွဲ့များမှ အရာရှိနှင့်တပ်ဖွဲ့ဝင်များ၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအသင်းအဖွဲ့ဝင်များမှ သဘာဝဘေးအန္တရာယ်ကျရောက်လာပါက အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်နိုင်ရေးအတွက် အရေးပေါ်ကူညီကယ်ဆယ်ရေးစက်ပစ္စည်းများ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်ရေးနှင့် ကူညီကယ်ဆယ်ရေးဆိုင်ရာ လက်တွေ့ ဇာတ်တိုက်လေ့ကျင့်ခြင်း၊ ကူညီကယ်ဆယ်ရေးပစ္စည်းအမျိုးအစားများနှင့် ကြိုတင်စုဆောင်းထားရှိမှု အခြေအနေတို့အား လေ့လာကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

၀-၀-၀-၀-၀-၀





## ပလတ်စတစ် သုံးစွဲမှုလျှော့ချရေး အသိပညာပေးခြင်းနှင့် ကြွပ်ကြွပ်အိတ်အစားထိုး အင်ဖက်များ အခမဲ့ ဖြန့်ဝေ

**ကံမ ဇွန် ၁၀**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ်(ကြွပ်ကြွပ်အိတ်)လျှော့နည်းသုံးစွဲစေရန်ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာ မြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများ ပလတ်စတစ်(ကြွပ်ကြွပ်အိတ်) အစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်းနှင့် (ကြွပ်ကြွပ်အိတ်)အစားထိုးအင်ဖက်များ အခမဲ့ဖြန့်ဝေခြင်းကို ဇွန် ၉ ရက် နံနက် ၇ နာရီက အဆိုပါဈေးအတွင်း ဆောင်ရွက်ခဲ့ကြသည်။**(အပေါ်ပုံ)**

အဆိုပါဆောင်ရွက်ခြင်းကို မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ စားသုံးသူရေးရာဦးစီးဌာနနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး ထိုသို့ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေး ပြုလုပ်ခြင်းကို အပတ်စဉ် တနင်္လာနေ့တိုင်း ပြုလုပ်လျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။ **ဇော်ထက်(သရက်)**



## မိတ္ထီလာမြို့နယ်တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**မတ္ထီလာ ဇွန် ၁၀**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ အောင်ဆန်းရပ်ကွက်၊ မြို့သစ်တိုးချဲ့ရပ်ရှိ စားသောက်ဆိုင်တွင် အမျိုးသားတစ်ဦးအား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ဥပဒေနှင့်အညီ အရေးယူထားသည်။

ဖြစ်စဉ်မှာ ဇွန် ၈ ရက် မွန်းလွဲ ၁ နာရီခွဲက မိတ္ထီလာမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် သတင်းအရ အောင်ဆန်းရပ်ကွက်၊ မြို့သစ်တိုးချဲ့ရပ်ရှိ စားသောက်ဆိုင်အား သွားရောက်စစ်ဆေးရာမှ အောင်ခန့်အား ပလတ်စတစ် အပြာကပ်ခွာအိတ်ဖြင့် ထည့်လျက် WY စာတန်းပါ လိမ္မော်ရောင် စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀ နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများအား သုံးစွဲဖြန့်ဖြူးရောင်းချရန် လက်ဝယ်ထားရှိသူ အောင်ခန့်(၂၈ နှစ်)အား မိတ္ထီလာမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေတတ်သောဆေးဝါးများဆိုင်ရာဥပဒေဖြင့် အရေးယူထားပြီး အမှုကွင်းဆက်များကို ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(၀၅၇)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၁၀**

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဇွန် ၇ ရက်တွင် ရှမ်းပြည်နယ် တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် လွိုင်လင်-ဟိုပုံး-တောင်ကြီး ပြည်ထောင်စု ကားလမ်းမအနီးတစ်ဝိုက်၌ ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ နမ့်စန်မြို့မှ တောင်ကြီးမြို့သို့ မောင်းနှင်လာသည့် ယာဉ် ကိုးစီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၃ မျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး၊ Dong Feng Tractor Head ငါးစီး၊ Mitsubishi Fuso Tractor Head တစ်စီး၊ Genlvon Tractor Head တစ်စီး၊ Shacman Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် ရှစ်တွဲကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




ထို့ပြင် နေပြည်တော် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ်(၀ ဒသမ ၂၆၈)တန်ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၎င်းအပြင် ဇွန် ၈ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သိမ်းဆည်းရမိမှုစာရင်းများအရ လိုင်စင်မဲ့ယာဉ် ၂၇ စီးနှင့် လိုင်စင်မဲ့ဆိုင်ကယ် ၇၆ စီး သိမ်းဆည်းရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

တရားမဝင် ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာ ယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေသည်။

သို့ဖြစ်ပါ၍ ၎င်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**(ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

### အမြန်နှုန်းသတ်မှတ်ချက် လိုက်နာရန်

- ➢ မြို့နယ်နယ်နိမိတ်အတွင်း ၁နာရီလျှင် ၃၀ မိုင် (၄၈)ကီလိုမီတာထက် ပို၍ မမောင်းရ။
- ➢ မြို့နယ်နယ်နိမိတ်ပြင်ပ၌ ၁ နာရီလျှင် ၅၀ မိုင် (၈၀)ကီလိုမီတာထက် ပို၍ မမောင်းရ။
- ➢ လမ်းညွှန်မှတ်တိုင်ဖြင့် ကန့်သတ်ထားသောနေရာများတွင် ကန့်သတ်အမြန်နှုန်းအတိုင်း မောင်းနှင်ရမည်။

မန္တလေးတိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ ။

# မေတ္တာသည်သာ အမြတ်ဆုံးမို့ပေ

လူ့လောကကြီးတွင် မေတ္တာသည်သာ အမြတ်ဆုံးဖြစ်သည်။ ‘မေတ္တာဆောင်၊ အောင်ရာ၏’၊ ‘မေတ္တာခြံ လုံရာ၏’၊ ‘မေတ္တာဖြန်းမှ လန်းဆန်းရာ၏’၊ ‘မေတ္တာပေးက မေတ္တာရ၏’၊ ‘မေတ္တာ’ကို အမျိုးမျိုးအဖုံဖုံ တင်စားဖွဲ့နွဲ့ခဲ့ကြပါသည်။

စာရေးသူတို့၏ ‘သုံးလောကထွတ်ထား ရှင်တော်မြတ်ဘုရား’ သည်ပင် ရန်ပြုလာသူတို့အား မေတ္တာကိုဆောင်ပြီး အောင်နိုင်ခဲ့သူအဖြစ် ထင်ရှားပါပေသည်။

မြန်မာစာအဘိဓာန်တွင် ‘မေတ္တာ’အား အောက်ပါအတိုင်း အဓိပ္ပာယ်ဖွင့်ဆိုပါသည်။

**မေတ္တာ၊ ချစ်တာ၊ ချစ်ခင်ခြင်း(ပါ၊ မေတ္တာ)**

၁။ မေတ္တာကို အခြေပြုရေးသားပေးပို့သော စာများ၊ ၂။ ရည်းစားစာ၊ ၃။ သတ္တဝါတို့ ကျန်းမာချမ်းသာစေရန် ဆုတောင်းသည်။ မေတ္တာ၊ ကြင်နာခြင်း၊ သနားခြင်း၊ မေတ္တာဖြင့် ပန်ကြားသည်။ တောင်းခံသည်။ (စာ-၂၅၉)

**‘မေတ္တာအကျိုး’အာနိသင်က ၁၁ပါး ရှိသည်။**

၁။ ချမ်းသာစွာ အိပ်စက်ရခြင်း၊ ၂။ချမ်းသာစွာ နိုးထရခြင်း၊ ၃။မကောင်းသောအိပ်မက်တို့ မမြင်မက်ခြင်း၊ ၄။ လူတို့ချစ်နှစ်သက်ခြင်း၊ ၅။ နတ်တို့ မြတ်နိုးခင်မင်ခြင်း၊ ၆။ နတ်တို့ စောင့်ရှောက်ခြင်း၊ ၇။ မီး၊ အဆိပ်၊ လက်နက်မသင့်နိုင်ခြင်း၊ ၈။ စိတ်လျှင်မြန်စွာတည်ခြင်း၊ ၉။ မျက်နှာရုပ်ဆင်းကြည်လင်ရွှင်ပျခြင်း၊ ၁၀။ မတွေဝေဘဲ သေရခြင်း၊ ၁၁။ သေသောအခါ ‘ဗြဟ္မာပြည်’သို့ လားရခြင်းတို့ ဖြစ်သည်။

‘မေတ္တာပန်းရနံ့’၊ စာရေးသူ၏ မိခင်ကြီးကွယ်လွန်ခဲ့သည်မှာ နှစ်ပေါင်း ၁၇နှစ်ကြာခဲ့ပြီးဖြစ်သည်။ အမေက ‘ညမွှေးပန်း’ကို ‘မေတ္တာပန်း’လို့ ခေါ်သည်။ ညမွှေးပန်းရနံ့ကို ‘မေတ္တာပန်းရနံ့’ဟု ခေါ်သည်။ ‘ညမွှေးပန်းရနံ့’လေးက စိတ်ကိုကြည်လင်လန်းဆန်းစေသည်။ အမေ့အိမ်ကိုသွားလည်တိုင်း ညအခါ အိမ်ခြံအဝင်ဝမှာ ညမွှေးပန်းရနံ့လေးက ဆီးကြိုသည်။ အမောပြေစေသည်။

အမေမရှိတော့သည်မှာ နှစ်ပေါင်း ၁၇နှစ်သာကြာခဲ့ပြီ၊ အမေ့မေတ္တာပန်းပင်လေးက စာရေးသူတို့ မောင်နှမတွေဆီမှာ ကျန်ရစ်ပါသည်။ နှမဖြစ်သူ ယုလေး(ဥပဒေ)က ပန်းချစ်သူ ဖြစ်သည်။ ပန်းစိုက်တာ ဝါသနာကြီးသည်။ အမေရှိစဉ်က အမေ့ညမွှေးပန်းပင်ကို ကိုင်းကူးစိုက်ထားသည်။ မေမြို့(ပြင်ဦးလွင်)က ခြံထဲတွင် ညအချိန် ခြံထဲမှာ ထိုင်လေတိုင်း ညမွှေးပန်းရနံ့လေးက သင်းပျံ့မွှေးနေသည်။ အမေ့ကို သတိရစေပါသည်။ စာရေးသူလည်း နှမယုလေးထံက ပျိုးပင်လေးတစ်ပင်ယူပြီး အိမ်မှာစိုက်ထားခဲ့ပါသည်။

‘မေတ္တာ’နှင့်ပတ်သက်ပြီး ကျေးဇူးရှင်‘တောင်တန်းသာသနာပြု ဆရာတော်ကြီး’အကြောင်းကို စာရေးသူကိုယ်တွေ့ တင်ပြလိုပါသည်။ ‘၁၉၉၀ ပြည့်နှစ်က’စာရေးသူ၏နှမအငယ်နေအိမ်တွင် ဆရာတော်ကြီး ‘ဦးဥတ္တမသာရ’အား ဆွမ်းကပ်ကြပါသည်။ ထိုနေ့က ဆရာတော်ကြီး၏မေတ္တာပဋ္ဌာန်းကြောင့် စာရေးသူတို့ ရှေ့တွင်ရှိသော ‘ပရိတ်ရေ’များ ပွက်ပွက်ဆူကာ ထခုန်နေကြသည်ကို စာရေးသူကိုယ်တိုင် မြင်တွေ့ဖူးမြော်ခဲ့ရဖူးပါသည်။

ဆရာတော်ကြီးမှာ ချင်းပြည်နယ်၌ သာသနာပြုစဉ်က တောတောင်ကြီးများတွင် မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းခဲ့ရာ သားရဲတိရစ္ဆာန်များ ဆရာတော်အပါးမှ ဖြတ်သန်းသွားလာကြသော်လည်း ဘေးအန္တရာယ်ပေးခြင်းမရှိကြောင်း သိရသည်။ ‘မေတ္တာ’အမျိုးကား ထူးဆန်းပေစွ…။

‘မေတ္တာတရား’နှင့်ပတ်သက်ပြီး ပြောရလျှင် စာရေးသူ၏မိခင်ကြီးအကြောင်းကိုလည်း မပြောမဖြစ် ပြောရပါဦးမည်။ မိခင်ကြီးကွယ်လွန်သည်မှာ ၁၇နှစ်ရှိပါပြီ။ မိခင်ကြီးရှိစဉ်က စာရေးသူ၏ ‘အမေ’မှာ တိရစ္ဆာန်လေးများကို များစွာကြင်နာသနား၊ မေတ္တာထားသူ ဖြစ်သည်။

စာကလေးများ၊ ကျီးငှက်၊ ခို စသည့် ငှက်ကလေးများ စားသောက်ရန် နေ့စဉ် ဆန်၊ ထမင်း၊ ရေခွက် စသည်တို့ကို တစ်ရက်မပြတ် ဂရုစိုက်ကျွေးပါသည်။ အရပ်ထဲက ခွေးမှန်သမျှ ‘အမေ’ အစာကျွေးပါသည်။ ယုတ်စွအဆုံး လမ်းဘေးခွေးလေး နေမကောင်းတာကအစ အမေက စာရေးသူ၏ နှမတွေကို ဆေးခန်းပို့ခိုင်းသူဖြစ်သည်။ တိရစ္ဆာန်လေးများ ဒဏ်ရာရပါက ဂရုတစိုက်ဆေးထည့်ပေးသည်။

နှမများကလည်း အမေကဲ့သို့ပင် ငှက်ကလေးများ၊ တိရစ္ဆာန်လေးများကို မေတ္တာထားကာ နေ့စဉ်မပြတ် ကျွေးမွေးပြီး ဂရုစိုက်စောင့်ရှောက်နေကြသည်မှာလည်း ဝမ်းသာစရာပင် ဖြစ်သည်။

‘မေတ္တာတရား’ကား ဆင်းရဲသူမှ၊ ချမ်းသာသူမှ မဟုတ်ပါ။ လူတိုင်းထားရမည့် တရားဖြစ်သည်။ စာရေးသူတို့ ရပ်ကွက်ထဲတွင် နံနက်မိုးလင်းတိုင်း စက်ဘီးလေးတစ်စီးဖြင့် ‘ဝက်စာ’များ ကောက်သူရှိသည်။ သူက နေအိမ်များရှေ့တွင်ရှိသော ဝင်းထရံ၊ သစ်ပင်စသည်တို့မှာ ပိုလျှံလို့ ချိတ်ဆွဲထားသော အိမ်ရှင်များ၏ ထမင်းကျန်၊ ဟင်းကျန်အထုပ်များကို လိုက်လံကောက်ယူပါသည်။

မေတ္တာပွားများသူသည် မိမိကိုယ်တိုင် အရင်အေးချမ်းစေသည်။ ပြီးလျှင် သူတစ်ပါးကိုလည်း အေးချမ်းစေပါသည်။ ဒေါသဖြစ်ပါက ဒေါသအပူသည် သူတစ်ပါးကို မကူးမီ မိမိကိုယ်တိုင် အရင်ပူရသည်ကို သတိပြုသင့်သည်။ ‘မေတ္တာ’ပို့ရာတွင် ‘မနောကံ၊ ဝစီကံ၊ ကာယကံ မေတ္တာများပွားများပြီး ‘မနောကံ’မေတ္တာမှတစ်ဆင့် ‘ဝစီကံ’သို့ ပြောင်းလျှင် သူတစ်ပါးစိတ်ချမ်းသာစေသည့်စကားများကိုသာ ပြောဆိုပါသည်။ ‘ဝစီကံမေတ္တာ’၊ ‘မနောကံ မေတ္တာ’များ အားကောင်းလာပြီဆိုပါက မိမိပိုင် ရွှေ၊ ငွေပစ္စည်းဥစ္စာရတနာများကိုပင် သူတစ်ပါးအား စွန့်ကြဲပေးကမ်းသည့် ‘ကာယကံ’ မေတ္တာကို ရရှိပါတော့သည်။

ထိုကဲ့သို့သော ထမင်းဟင်းများထဲက တချို့တစ်ဝက်ကိုသာ သူ့‘ဝက်စာပုံး’ကြီးထဲမှာထည့်ပြီး ထမင်းကောင်းနှင့် ဟင်းကောင်းပါသော အထုပ်များကို အရပ်ထဲက(လမ်းဘေးခွေး)ခွေးလေးများကို ချကျွေးလေ့ရှိသည်။ ထိုသူ(ဝက်စာကောက်သူ)လာပြီဆိုပါက သူ့နောက်မှာ ခွေးလေးတွေ ဝိုင်းအုံနေသည်။ သူလာပြီဆိုပါက ကြိုဆိုကြသည်။ ‘ဝက်စာ’ကောက်သူက မချမ်းသာပေမယ့် ‘မေတ္တာရှင်’ဖြစ်ပါသည်။ သူတစ်ပါး၏အစာနှင့် အလှူပေးသူ ဖြစ်သည်။

စာရေးသူတို့၏ ရပ်ကွက်အတွင်းတွင် ညနေခြောက်နာရီခန့် ကိုယ်ပိုင်ကား ပစ်ကပ်လေးတစ်စီး အမြဲပုံမှန်လာလေ့ရှိသည်။ ထိုကားလေးမှာ တခြားမဟုတ်၊ ရပ်ကွက်တွင်းရှိသော ခွေးလေးများအား ညစာလာရောက်ကျွေးခြင်းသာဖြစ်သည်။ ကားပေါ်တွင် လူများများမပါ၊ ကားမောင်းသူ ယောကျာ်းလေးနှင့် နောက်ခန်းမှ မိန်းကလေးငယ်တစ်ဦးသာပါသည်။

သူတို့ကားလမ်းထဲသို့ဝင်လာသည်နှင့် ခွေးကလေးများက အပြေးအလွှားကြိုဆိုကြသည်။ ကားနံပါတ်ကို သိလို့တော့မဟုတ်ပါ။ သူတို့ သဘာဝအရ ကားလေးကိုအဝေးမှမြင်ကတည်းက မှတ်မိကြသည်။ မိန်းကလေးက ကားပေါ်မှဆင်းပြီး အသင့်ပါလာသော ဟင်းနှင့် ထမင်းထုပ်ကလေးများကို တစ်ကောင်ချင်းချကျွေးပါသည်။ လုယက်ပြီးစားစရာမလိုအောင် စနစ်ကျသည်။ ထမင်းဟင်းများကို ခွေးကလေးများအတွက် နေ့စဉ်အိမ်မှာချက်ပြုတ်ကြောင်းသိရသဖြင့် အံ့သြမိသည်။ သူတို့ရဲ့‘မေတ္တာတရား’ကလည်း လေးစားဖွယ်ရာပင်။ သာခုခေါ်မိပါသည်။

တစ်ခါက စာရေးသူသည်လမ်းလျှောက်ကအပြန် လက်ဖက်ရည်ဆိုင်တစ်ဆိုင်မှာ ဝင်ပါသည်။ စာရေးသူ မုန့်ဟင်းခါးစားနေစဉ် ပန်းရောင်းသည့် သူငယ်လေးက ပန်းလာရောင်းသည်။ အသက် ၁၀ နှစ်ကျော်သာရှိသေးသည်။ သူ့ထံမှ စံပယ်ပန်းတစ်ထောင်ဖိုးဝယ်ပါသည်။ ‘ဘာစားပြီးပြီးလဲ’မေးရာ ဘာမှမစားရသေးကြောင်းပြော၍ မုန့်ဟင်းခါးတစ်ပွဲမှာပြီး စာရေးသူနှင့်အတူ ထိုင်စားကြသည်။

သူငယ်လေးမှာ ‘‘အောင်ပင်လယ်ရွာ’ဘက်မှ စက်ဘီးလေးနှင့်လာပြီး ပန်းရောင်းကြောင်း သိရသည်။ မနက်စောစော ထလာရသဖြင့် ဘာမျှမစားခဲ့ရရှာ၊ သူ့အစ်ကိုနှစ်ယောက်ရှိသည်၊ တစ်ယောက်က ပန်းရန်လုပ်ပြီး ကျန်တစ်ယောက်က ရေသန့်ကားနှင့်လိုက်ပြီး ရေထမ်းပို့သည်။ သူ့အဖေက ဝါးနှင့်ဖျာကြမ်းတွေရက်ကာ အရပ်ထဲမှာ လှည့်ရောင်းရရှာသည်။ အမေက အိမ်မှုကိစ္စလုပ်သည်။ သူပန်းရောင်းတဲ့ဝင်ငွေက တစ်ရက် ၅၀၀၀ခန့်ရသည်။ ဝိုင်းလုပ်ဝိုင်းစား မိသားစုဘဝကိုသိခွင့်ရပါသည်။ စာရေးသူအနေဖြင့် သူငယ်လေးအား မြင်မြင်ချင်းပင် မေတ္တာကရုဏာထားမိခြင်း ဖြစ်သည်။

‘မေတ္တာပွားများသူသည် မိမိကိုယ်တိုင် အရင်အေးချမ်းစေသည်။ ပြီးလျှင် သူတစ်ပါးကိုလည်း အေးချမ်းစေပါသည်။ ဒေါသဖြစ်ပါက ဒေါသအပူသည် သူတစ်ပါးကို မကူးမီ မိမိကိုယ်တိုင် အရင်ပူရသည်ကို သတိပြုသင့်သည်။ ‘မေတ္တာ’ပို့ရာတွင် ‘မနောကံ၊ ဝစီကံ၊ ကာယကံ မေတ္တာများပွားများပြီး ‘မနောကံ’မေတ္တာမှတစ်ဆင့် ‘ဝစီကံ’သို့ပြောင်းလျှင် သူတစ်ပါးစိတ်ချမ်းသာစေသည့် စကားများကိုသာပြောဆိုပါသည်။ ‘ဝစီကံ မေတ္တာ’၊ မနောကံ မေတ္တာ’များ အားကောင်းလာပြီဆိုပါကမိမိပိုင် ရွှေ၊ ငွေ၊ ပစ္စည်းဥစ္စာရတနာများကိုပင် သူတစ်ပါးအား စွန့်ကြဲပေးကမ်းသည့် ‘ကာယကံ’မေတ္တာကို ရရှိပါတော့သည်။

‘မေတ္တာ’တရားနှင့်ပတ်သက်ပြီး ကျေးဇူးရှင် ‘အမရပူရမြို့’ ‘မဟာဂန္ဓာရုံ’ဆရာတော် ‘အရှင်ဇနကာ ဘိဝံသ’က-

မိမိအပေါ်မှာ မတော်မတရား ‘ဣဿာမစ္ဆရိယ’များသူများကိုပင် မတုံ့ပြန်၍ ရန်မမူမိစေဘဲ မိမိစိတ်ကိုသာ ကောင်းသည်ထက်ကောင်းအောင် ပြုပြင်ပါ။ အကျိုးဆောင်ခွင့်ကြုံလာလျှင် မိမိကို မလိုလားသူ၏ အကျိုးကိုပင် စိတ်ပါလက်ပါဆောင်လျက် အဖိုးတန်လှစွာသော မေတ္တာလက်နက်ကို အချက်ကျကျ သုံးစွဲသင့်ပါသည်။ ထိုသို့ သုံးစွာနိုင်မှသာလျှင် ‘ပါရမီရှင်’ဟု ထင်မြင်နိုင်ပါသည်။ (မေတ္တာသည် ရေနှင့်တူ၏၊ ဒေါသသည် မီးနှင့်တူ၏။ ရေများလေ မီးငြိမ်းလေ။ ထို့ကြောင့် ဒေါသနည်းအောင် မေတ္တာတိုးပွားဖို့ ကြိုးစားသင့်ကြပါသည်’ဟု ဟောပြောတော်မူခဲ့သည်။

**‘မေတ္တာ’**

‘မေတ္တာ သဗ္ဗော ××× အနန္တောလို့ ××× မြတ်ရှင်စော ဟောကြားတာတွေ ××× ကမ္ဘာမြေလောကဝယ် ××× သတ္တဝါတွေ ကျန်းမာပါစေ’ မေတ္တာရေသောင်း ဆုတောင်းကောင်းမှုခြွေ။ (အောင်ကြပါစေ)၂ ××× ကာယစိတ္တသုခ ××× ပုပ္ပရွှ ××× မှန်သမျှတွေ ××× ကြံတိုင်းအောင် ပြီးမြောက်ကြစေ ×××’

‘သဗ္ဗေ ××× သတ္တာ ××× ဝေနေယျတွေ ××× ကျန်းမာစေကြောင်း ဆုမွန်တောင်းလို့ ××× အောင်ကြောင်းမေတ္တာဝေ ××× သယာဘေးရန်အပေါင်း ××× ကွာဝေးရန်ရှောင်သွေကြပါစေ ××× ဝေနေယျာများတွေ တရားနဲ့သာ ××× မေတ္တာဝေ ××× (ရတနာစိန်ရွှေ ××× ပေါပြည့်နိုင်ကြစေ)၂ ×××‘ဇောတိက’ ပုံသို့မသွေ ပေါကြွယ်ဝစေ ××× မေတ္တာသဗ္ဗော ××× အနန္တောပကာခြွေ။’

မြတ်လင်းသူ




## ချိန်ဘာလိန်ကို ခေါ်ယူရန် လက်စတာစီးတီးအသင်း စိတ်ဝင်စား

**လန်ဒန် ဇွန် ၁၀**

လက်စတာစီးတီးအသင်းသည် ဘီဆစ်တပ်စ်အသင်း ကွင်းလယ်ကစားသမား ချိန်ဘာလိန်ကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၃၁)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ဘီဆစ်တပ်စ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲ ၅၀ကစားပြီး ၅ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် လက်စတာစီးတီးအသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

ဘီဆစ်တပ်စ်အသင်းကလည်း ချိန်ဘာလိန်အတွက် သင့်တင့်သည့် ပြောင်းရွှေ့ဈေးနှုန်း ရရှိပါက ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် လက်စတာစီးတီးအသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် ဘီဆစ်တပ်စ်အသင်းထံမှ ချိန်ဘာလိန်အား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။



(ယာပုံ) (NGB)

## ဂျက်ဂရီးလစ်ရှ်အား အငှားဖြင့် ခေါ်ယူရန် အဲဗာတန်အသင်း စီစဉ်



**လန်ဒန် ဇွန် ၁၀**

အဲဗာတန်အသင်းသည် မန်ချက်စတာစီးတီးအသင်းနှင့် အဆင်မပြေဖြစ်နေသည့် တောင်ပံကစားသမား ဂျက်ဂရီးလစ်ရှ်ကို အငှားဖြင့် ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၉)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် မန်ချက်စတာစီးတီးအသင်းနှင့်အတူ ၂၀၂၁-၂၀၂၂ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၅၇ ပွဲကစားပြီး ၁၇ ဂိုးအထိ သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အဲဗာတန်အသင်းက အငှားဖြင့် ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

တောင်ပံကစားသမား ဂျက်ဂရီးလစ်ရှ် ကိုယ်တိုင်ကလည်း ပရီးမီးယားလိဂ်တွင်သာ ဆက်လက်ကစားလိုသောကြောင့် အဲဗာတန်အသင်း၏ ကမ်းလှမ်းမှုကို လက်ခံစဉ်းစားသွားဖွယ်ရှိသည်။

ထို့ကြောင့် အဲဗာတန်အသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် မန်ချက်စတာစီးတီးအသင်းထံမှ ဂျက်ဂရီးလစ်ရှ်အား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ (ဝဲပုံ)

(NGB)

## လူးဝစ်စကယ်လီအသင်းတွင် ဆက်ရှိမည်ဟု အာဆင်နယ်အသင်း အတည်ပြု

**လန်ဒန် ဇွန် ၁၀**

နောက်ခံကစား လူးဝစ်စကယ်လီ အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်ကြောင်း အာဆင်နယ်အသင်းက အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၁၈)နှစ်အရွယ်ရှိ နောက်ခံကစားသမားကို လက်ရှိအချိန်တွင် ရီးရဲလ်မက်ဒရစ်အသင်းက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၎င်းက အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။

နောက်ခံကစားသမား လူးဝစ်စကယ်လီသည် အာဆင်နယ်အသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၃၉ပွဲကစားပြီး တစ်ဂိုးသွင်းယူထားသလို အနာဂတ်တွင်လည်း ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရသည်။

အာဆင်နယ်အသင်းထုတ်ပြန်ချက်တွင် "လူးဝစ်စကယ်လီ အသင်းမှာ ဆက်ရှိသွားမှာပါ။ သူဟာ အနာဂတ်မှာ ထွန်းတောက်လာဦးမှာပါ။ သူကိုယ်တိုင်ကလည်းအသင်းမှာ ပျော်ရွှင်နေပါတယ်"ဟု ထုတ်ပြန်သည်။




(အပေါ်ပုံ) (NGB)

## မာမာဒူဆားကို ရှစ်နှစ်စာချုပ်ဖြင့် ချဲလ်ဆီးအသင်းခေါ်ယူ



**လန်ဒန် ဇွန် ၁၀**

ချဲလ်ဆီးအသင်းသည် စထရာဘိုး နောက်ခံကစားသမား မာမာဒူဆားကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၂သန်းဖြင့် ရှစ်နှစ်စာချုပ် ချုပ်ဆိုကာ ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် ချဲလ်ဆီးအသင်းတွင် ကျောနံပါတ်(၂၃) ဂျာစီကို ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

နောက်ခံကစားသမား မာမာဒူဆားသည် စထရာဘိုးအသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၂၈ပွဲကစားပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ချဲလ်ဆီးအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ချဲလ်ဆီးအသင်းသည် လက်ရှိနွေရာသီဈေးကွက်အတွင်းတွင် ကစားသမား လေးဦးအထိ ခေါ်ယူအားဖြည့်ထားပြီး စတာလင်ပေါင်သန်း ၉၀ ဝန်းကျင်အထိ အသုံးပြုထားသည်။ (ဝဲပုံ)

(NGB)

## ဘန်ဒေးဗီးစ် စပါးအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**လန်ဒန် ဇွန် ၁၀**

စပါးအသင်းသည် အသင်းနောက်ခံကစားသမား ဘန်ဒေးဗီးစ်ကို ၂၀၂၆ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် စပါးအသင်းနှင့်အတူ ၂၀၁၄-၂၀၁၅မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၅၈ ပွဲကစားပြီး ကိုးဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၃၂)နှစ်အရွယ်ရှိ ဘန်ဒေးဗီးစ်က "ကျွန်တော် အသင်းနဲ့ သက်တမ်းတိုး စာချုပ် ချုပ်ဆိုခဲ့ပါပြီ။ ဒီအသင်းနဲ့အတူ အနာဂတ်မှာလည်းဆုဖလားများစွာ ရယူသွားလိုပါတယ်။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်"ဟု ပြောသည်။




(အပေါ်ပုံ)(NGB)

## နည်းပြ ရောဘတ်ဗီလာဟမ်းကို နည်းပြရာထူးမှ စပါးအမျိုးသမီးအသင်း ထုတ်ပယ်

**လန်ဒန် ဇွန် ၁၀**

စပါးအမျိုးသမီးအသင်းသည် အသင်းနည်းပြ ရောဘတ်ဗီလာဟမ်းကို နည်းပြရာထူးမှ ထုတ်ပယ်လိုက်ပြီဖြစ်သည်။

စပါးအမျိုးသမီးအသင်းသည် နည်းပြ ရောဘတ်ဗီလာဟမ်းလက်ထက်တွင် ဆုဖလား အောင်မြင်မှုနှင့် ဝေးကွာခဲ့ရသလို ထင်သလောက် တိုးတက်လာမှု မရှိခြင်းကြောင့် ရာထူးမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

စပါးအသင်းသည် အမျိုးသားအသင်း နည်းပြဖြစ်သည့် ပိုစတီကိုဂလူးအား ထုတ်ပယ်ပြီး နှစ်ရက်အကြာမှာပင် အမျိုးသမီးအသင်းနည်းပြဖြစ်သည့် ရောဘတ်ဗီလာဟမ်းကို ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

စပါးအသင်းထုတ်ပြန်ချက်တွင် "အမျိုးသမီးအသင်းနည်းပြ ရောဘတ်ဗီလာဟမ်းကို ရာထူးမှ ထုတ်ပယ်လိုက်ပါပြီ။ အသင်းအနေနဲ့လည်း နည်းပြသစ်တစ်ဦးကို အမြန်ဆုံးရှာဖွေခန့်အပ်သွားမှာပါ"ဟု ထုတ်ပြန်သည်။

(အောက်ပုံ)

(NGB)



## ဘာပေ ပြင်သစ်လက်ရွေးစင် ကစားသမားဘဝ သွင်းဂိုး ၅၀ ပြည့်မြောက်

**လန်ဒန် ဇွန် ၁၀**

တိုက်စစ်မှူး ဘာပေသည် ပြင်သစ်လက်ရွေးစင်အသင်း ကစားသမားဘဝ သွင်းဂိုး ၅၀ ပြည့်မြောက်သည့် စံချိန်မှတ်တမ်း တစ်ရပ်ကို ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ယူအီးအက်ဖ်အေ နေရှင်းလိဂ် တတိယနေရာလုပွဲအဖြစ် ပြင်သစ်လက်ရွေးစင်အသင်းက ဂျာမနီလက်ရွေးစင်အသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် အဖိုးတန် သွင်းဂိုးတစ်ဂိုး သွင်းယူပေးပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဘာပေသည် ပြင်သစ်လက်ရွေးစင်အသင်းနှင့်အတူ ၂၀၁၇မှ ၂၀၂၅ခုနှစ်အတွင်း ပြိုင်ပွဲ ၉၀ ကစားခဲ့ပြီး ဂိုး ၅၀ အထိ သွင်းယူနိုင်ခြင်းဖြစ်သည်။

ထို့ပြင် အသက်(၂၆)နှစ်အရွယ်ရှိ တိုက်စစ်မှူး ဘာပေသည် ဂျရူး၊ အွန်နရီတို့နောက် ပြင်သစ်လက်ရွေးစင်အသင်းအတွက် ဂိုး ၅၀ပြည့်မြောက်သည့် တတိယမြောက်ကစားသမားလည်း ဖြစ်လာခဲ့သည်။ (အောက်ပုံ)

(NGB)




## 2025 Terra Wortmann Open တင်းနစ်ပြိုင်ပွဲ ဇွန် ၁၆ ရက်တွင် စတင်မည်

**မြူးနစ် ဇွန် ၁၀**

ဂျာမနီနိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Terra Wortmann Open တင်းနစ်ပြိုင်ပွဲ လာမည့် ဇွန် ၁၆ ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2025 Terra Wortmann Open တင်းနစ်ပြိုင်ပွဲကို ဇွန် ၁၆ရက်မှ ၂၃ရက်အထိ ၈ ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2025Terra Wortmann Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်ကစားသမားများစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

Terra Wortmann Open တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ အီတလီတင်းနစ်ကစားသမား Jannik Sinner ဖြစ်သည်။ (အောက်ပုံ)

(NGB)



## မန္တလေးမြို့အတွင်း ရေကြီးရေလျှံမှု လျော့နည်းစေရေးအတွက် အဓိကလုပ်ဆောင်ပေးသည့် ရွှေခဲ New Pumping Station မှ လျှင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ပိုက်လိုင်းများ ပြုပြင်ဆောင်ရွက်

မန္တလေးမြို့တွင် မိုးရာသီ ရေကြီးရေလျှံမှုလျော့နည်းစေရေး အတွက် စုပ်ထုတ်ပေးသည့် အမရပူရမြို့နယ်၊ ရွှေခဲရွာအနီးရှိ ရွှေခဲ New Pumping Station မှ ရေထုတ်ပိုက်လိုင်းများမှာ ငလျင်ကြောင့်ပျက်စီးခဲ့သဖြင့် ပြုပြင်တပ်ဆင်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ပိုက်ဆက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီး၍ စမ်းသပ်မောင်းနှင်ရန် ပြင်ဆင်လျက်ရှိသည်။

မိုးရာသီအချိန်တွင် မြစ်ရေတက်၍ သဘာဝအတိုင်း ဧရာဝတီမြစ်ထဲသို့ စီးဆင်းခြင်းမရှိချိန်၌ အဆိုပါစက်ရုံမှ ရေထုတ်ပိုက်လိုင်းများဖြင့် စွန့်ထုတ်ပေးခြင်းဖြစ်ပြီး စက်တစ်လုံးလျှင် ရေဂါလန် ၁ ဒသမ ၅ သန်းခန့်စုပ်ယူစွန့်ထုတ်နိုင်သည့် စက်လေးလုံး ထားရှိကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရေနှင့်သန့်ရှင်းမှုဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြစ်ရေတက်ချိန် ရွှေခဲရေထိန်းတံခါး ဖွင့်ထားရင် မြစ်ရေကမြို့အတွင်းဘက်ကို ဝင်လာမယ်။ အဲ့ဒါကြောင့် ရွှေခဲရေထိန်းတံခါး ပိတ်ထားရတယ်။ ပုံမှန်အတိုင်းဆိုရင် နံကပ်အင်းနဲ့ ကန်တော်ကြီးက ရေတွေကို သိုလှောင်နိုင်တဲ့ ပမာဏတစ်ခုအထိ ထိန်းသိမ်းထားနိုင်တယ်။ စက်မမောင်းလည်း ပြဿနာမရှိဘူး။ မြစ်ရေတက်နေပြီး ရေထိန်းတံခါးပိတ်ထားချိန် မိုးကောင်းလို့ မိုးများတဲ့အခါ နံကပ်အင်းနဲ့ ကန်တော်ကြီးမှာ ရေတက်လာပြီး Public Area ကို ရေဝင်မယ်။ အဲ့ဒီလို လူနေအိမ်တွေ ရေကြီးရေလျှံမှု လျော့ချဖို့ စက်နဲ့ မဖြစ်မနေ မြစ်ဘက်ကို မောင်းထုတ်ပေးရတယ်"ဟု ၎င်းက ပြောသည်။



အဆိုပါစက်ရုံရှိ ရေထုတ်ပိုက်လိုင်းများသည် မတ် ၂၈ ရက်က လှုပ်ရှားခဲ့သည့် မန္တလေးငလျင်ကြီးဒဏ်ကြောင့် ပိုက်ဆက်များ ရွေ့လျားပြုတ်ထွက်သွားသဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရေနှင့်သန့်ရှင်းမှုဌာနမှ ပြုပြင်မှုများဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မိုးရာသီတွင် မြို့တွင်း ရေဝင်၊ ရေလွှမ်းမှုလျော့နည်းစေရေးအတွက် မန္တလေးမြို့အနောက်ခြမ်းမှ အိမ်သုံးရေနှင့် မိုးရေများသည် ရွှေတချောင်း၊ သင်္ဂဇာချောင်းတို့မှ တစ်ဆင့် ကန်တော်ကြီးနှင့် နံကပ်အင်းထဲသို့ စီးဝင်လာရာ ရွှေခဲ New Pumping Station မှ စုပ်ယူ စွန့်ထုတ်ပေးခြင်းဖြစ်သည်။

အရင်ကလည်း ရွှေခဲ Pumping Station အဟောင်းမှာ ရေဂါလန်သန်း ၃၀ ဝန်းကျင် စုပ်ထုတ်နိုင်တယ်။ ခုနောက်ပိုင်း မိုးရေချိန်က ပြီးခဲ့တဲ့ သုံးနှစ်အတွင်းမှာ ၃လက်မ ၄ လက်မ ကျော် ရွာလာတယ်။ အဲဒီလို မိုးများလာတာကြောင့် မူလ ရွှေခဲရေထုတ်စက်ရုံ အဟောင်းနားမှာ New Pumping Station ဆိုပြီး ADB ပရောဂျက်နဲ့ လုပ်တော့ ပိုပြီးစွန့်ထုတ်နိုင်လာတယ် ဟု ဆက်လက်ပြောကြားသည်။

မြို့တွင်းမှ စီးဝင်လာမှုတွင် ပုံမှန်ကာလများ၌ တစ်ရက်လျှင် ရေဂါလန် ၁၂ သန်းမှ ၁၅ သန်း ထွက်ရှိပြီး ယခုနောက်ပိုင်း မိုးရာသီကာလတွင် ရေဂါလန် သန်း ၆၀ ခန့်ထွက်ရှိရာ New Pumping Station မှ တစ်ရက်လျှင် အများဆုံးရေဂါလန်သန်း ၉၀ ခန့် အထိစွန့်ထုတ်နိုင်သဖြင့် မန္တလေးမြို့တော် ရေကြီး၊ ရေလျှံမှုလျော့ချရေးအတွက် အရေးပါသည့် မိုးရေစွန့်ထုတ်စက်ရုံတစ်ခုဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၉)



## အမရပူရ တောင်သမန် ဦးပိန်တံတားတွင် ငှက်လှေစီးသူ နည်းပါး

**အမရပူရ ဇွန် ၁၀**

အမရပူရ တောင်သမန် ဦးပိန်တံတားတွင် ငလျင်လှုပ်ပြီး နောက်ပိုင်းတွင် ငှက်လှေစီးသူနည်းပါးနေခြင်းကြောင့် ငှက်လှေလှော်ခတ်သူများ ဝင်ငွေနည်းပါးနေကြောင်း ငှက်လှေသမားတစ်ဦးကပြောသည်။

လက်ရှိတွင် မိုးရွာသွန်းမှုများပြားပြီး ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် တောင်သမန်အင်းရေမှာလည်း မြင့်တက်လာသည်ဟု ဆိုသည်။

ငလျင်လှုပ်ပြီး နောက်ပိုင်းမှာ ဦးပိန်တံတားကို လာတဲ့သူတွေ နည်းလာသလို ရာသီဥတုကလည်း လေတအားတိုက်တော့ ငှက်လှေစီးရမှာ ကြောက်တဲ့သူတွေရှိတယ်။ အများအားဖြင့် ကျောင်းပိတ်ရက် ရုံးပိတ်ရက်နဲ့ ဥပုသ်ရက်မှာပဲ လာတဲ့သူရှိတယ်။ ငှက်လှေစီးခတွေ မပြောင်းပေမယ့် စီးသူနည်းတော့ ဝင်ငွေမကောင်းဘူးဟု ၎င်းက ပြောသည်။

တောင်သမန်ဦးပိန်တံတားသို့ ရောက်ရှိလာသူအများစုမှာ စားသောက်ဆိုင်များတွင် စားသောက်ကာ အပန်းဖြေခြင်းနှင့် ငှက်လှေစီးခြင်း၊တံတားပေါ်လမ်းလျှောက်ခြင်းများဖြင့် အပန်းဖြေလာသူများဖြစ်ပြီး ယခုရက်ပိုင်းတွင် ပြည်ပခရီးသွား လာရောက်မှု မရှိသလောက် နည်းပါးနေသည်ဟု သိရသည်။

တံတားက ငလျင်ဒဏ်ကြောင့် အရှေ့ဘက်အခြမ်းအထိ သွားလို့မရဘူး။ အလယ်ဇရပ်လောက်အထိပဲ သွားလို့ရတယ်။ အဓိကလာတဲ့သူတွေက တံတားပေါ် လေညင်းခံ လမ်းလျှောက်ကြ၊ ဓာတ်ပုံရိုက်ကြတာဟု ၎င်းက ဆက်လက်ပြောကြားသည်။

ငှက်လှေစီးခများမှာ တစ်ခေါက်လျှင် ငွေကျပ် ၁၅၀၀၀-၂၀၀၀၀ ဖြစ်ပြီး ယခုကဲ့သို့ ရေတက်ချိန်နှင့် လေတိုက်ချိန်တွင် ငှက်လှေသမားများမှာ အားစိုက်လှော်ခတ်ကြရပြီး တစ်ရက်လျှင် တစ်ခေါက်ရရှိရန် ခက်ခဲနေကာ လာမည့် ဝါတွင်းကာလတွင် ငှက်လှေစီးသူများပြားလာရန် မျှော်လင့်လျက်ရှိသည်ဟု ဆိုသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၉)

## ပြည်နယ်နှင့် တိုင်းဒေသကြီး ဘော်လီဘောပြိုင်ပွဲ အမျိုးသားကွာတားဖိုင်နယ်ပွဲစဉ်များယှဉ်ပြိုင်မန္တလေး - ရန်ကုန်၊ ရှမ်း - စစ်ကိုင်း အနိုင်ရ

**မန္တလေး ဇွန် ၁၀**

၂၀၂၅ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘော်လီဘောပြိုင်ပွဲ အမျိုးသားကွာတားဖိုင်နယ်ပွဲစဉ်ပြိုင်ပွဲများကို တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာန အားကစားပြိုင်ပွဲရုံတွင် ဇွန် ၉ ရက် နံနက်ပိုင်းက ကျင်းပခဲ့ရာ အိမ်ရှင် ရှမ်းပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်၊မန္တလေးတိုင်းဒေသကြီးအသင်းက ကယားပြည်နယ်အသင်းကို သုံးပွဲ နှစ်ပွဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို သုံးပွဲ တစ်ပွဲနှင့် ရန်ကုန်တိုင်းဒေသကြီး အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်ဖြင့် အသီးသီးယှဉ်ပြိုင် အနိုင်ရရှိခဲ့ကြသည်။

အဆိုပါ ကွာတားဖိုင်နယ်ပွဲစဉ်တို့တွင် အနိုင်ရရှိကြသည့် အမျိုးသားအသင်းများသည် ဇွန် ၁၁ ရက်တွင် အကြိုဗိုလ်လုပွဲအဖြစ် မန္တလေးတိုင်းဒေသကြီး အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီး အသင်း၊ အိမ်ရှင် ရှမ်းပြည်နယ်အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ တက်ရောက်ကြပြီး အမျိုးသမီးအကြို ဗိုလ်လုပွဲတွင်လည်း မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်း၊ ကချင်ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်-မန်း**

## ပင်လောင်းမြို့၌ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ပင်လောင်း ဇွန် ၁၀**

သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ ရာသီဥတုပြောင်းလဲမှု လျော့ချရေး၊ သစ်ပင်၏ တန်ဖိုးများအား အလေးထားပြီး သစ်တောသစ်ပင်များ စိုက်ပျိုးပြုစုထိန်းသိမ်းခြင်းနှင့် ကျောင်းပတ်ဝန်းကျင် စိမ်းလန်းသာယာလှပစေရန်ရည်ရွယ်၍ ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ရှမ်းပြည်နယ်တောင်ပိုင်း၊ ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်လောင်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ယမန်နေ့ နံနက် ၉ နာရီက ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင့်ဇော်ထက်၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးအောင်ကျော်ဇင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး စိုးမိုးထွန်း၊ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်သန်း၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးကျော်ဇင်မောင်တို့က စိုက်ပျိုးမည့်သစ်ပင်များကို မြို့နယ်ပညာရေးမှူး ဦးတင်ဋ္ဌေ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ တိုင်းရင်းသားအဖွဲ့များကို ပေးအပ်ခဲ့ကြပြီး သစ်ပင်များ စုပေါင်းစိုက်ပျိုးကြသည်။

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များက ခါတော်မီပျိုးပင် ၂၃၀၊ ချယ်ရီပျိုးပင် ၁၂၀၊ မြောက်ငိုပျိုးပင် ၁၅၀ ၊ စုစုပေါင်းပျိုးပင် ၅၀၀ကို စုပေါင်း စိုက်ပျိုးပေးခဲ့ကြပြီး အမှတ်တရ စုပေါင်း ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ) (၃၆၈)



## လျှပ်စစ်ဓာတ်အားလိုင်းပြုပြင်ထိန်းသိမ်း စစ်ဆေးခြင်းများ ဆောင်ရွက်

**ခိုလမ် ဇွန် ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ခိုလမ်မြို့၊ လျှပ်စစ်အင်ဂျင်နီယာရုံးမှ ပြည်သူများ လျှပ်စစ်မီတာသုံးစွဲရာတွင် အဆင်ပြေစေရန်နှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရန် လျှပ်စစ်ဓာတ်အားလိုင်းများ ပြုပြင်ထိန်းသိမ်းစစ်ဆေးခြင်း လုပ်ငန်းများကို ယမန်နေ့ မွန်းလွဲပိုင်းက ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ခိုလမ်မြို့ ၆၆/၁၁ ကေဗွီ၊ ငါးအမ်ဗွီအေဓာတ်အားခွဲရုံတွင် ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဦးသက်ဆွေဝင်း(လက်ထောက်အင်ဂျင်နီယာ)ဦးဆောင်သောအဖွဲ့နှင့် ခိုလမ်မြို့ယာယီဓာတ်အားခွဲရုံမှူး ဦးအောင်ဆန်းနှင့် ဝန်ထမ်းများက စဉ်ဆက်မပြတ် လျှပ်စစ်ဓာတ်အားပေးရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် ၁၁ ကေဗွီ Control Panel နှင့် Switch Yard အတွင်း လိုအပ်သော စစ်ဆေးမှုများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင် မကွေးမြို့နယ်၊ ထုံးပေါက်တောကျေးရွာအုပ်စု၊ သဖိန်းဆိပ်ကျေးရွာ ကမ်းပါးပြိုကျမှုအား ကြည့်ရှုစစ်ဆေး၊ ဒေသခံတောင်သူများနှင့် တွေ့ဆုံ

**မကွေး ဇွန် ၁၀**

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးတင့်လွင့်သည် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမိုးမင်းသိန်း၊သယံဇာတရေးရာဝန်ကြီး ဦးစိုင်းမြင့်အေး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိများ လိုက်ပါ၍ ဇွန် ၉ ရက် နံနက်ပိုင်းက ထုံးပေါက်တောကျေးရွာအုပ်စု၊ သဖန်းဆိပ်ကျေးရွာဒေသရှိ ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် ကမ်းပါးပြိုကျမှုအား ကြည့်ရှုစစ်ဆေးကာ ဒေသခံတောင်သူများနှင့် တွေ့ဆုံခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် သဖန်းဆိပ်ကျေးရွာဒေသရှိ ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် ကမ်းပါးပြိုကျမှုအား ကြည့်ရှုစစ်ဆေးစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်က အရေးပေါ်ယာယီ ကမ်းထိန်းလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်ရန်၊ ရေရှည်ကာကွယ်ရေးလုပ်ငန်းများ ရေးဆွဲဆောင်ရွက်ရန်နှင့် ဒေသခံများ ထိခိုက်မှုမရှိစေရေး ကြိုတင်ရွှေ့ပြောင်းခြင်းများ ဆောင်ရွက်ထားရှိရန် မှာကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် ရွာဦးဘုန်းတော်ကြီးကျောင်း မွှောရုံသို့ ရွှေ့ပြောင်းခဲ့ရသော ရေဘေးသင့်ပြည်သူ အိမ်ခြေ ၂၈လုံး၊ အိမ်ထောင်စု ၂၈ စု၊ လူဦးရေ ၁၂၉ ဦးတို့အား တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ထောက်ပံ့ငွေများပေးအပ်ကာ အခြားလိုအပ်သည်များကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး သဖန်းဆိပ်ကျေးရွာ ကျောင်းစာကြည့်တိုက်အတွက် သုတ၊ ရသစာအုပ်စာစောင်များ ပေးအပ်လှူဒါန်းသည်။

အဆိုပါ သဖိန်းဆိပ်ကျေးရွာကမ်းပြိုဘေးသင့်ပြည်သူများအား တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ထောက်ပံ့မှုအဖြစ် ထောက်ပံ့ငွေကျပ် ၃၄၄၅၀၀၀ သိန်းနှင့် ရေပုံး ၂၈ ပုံး၊ တိုင်းကြက်ခြေနီအဖွဲ့မှ တာပေါ်လင်၊Hyginene Percel များကို အိမ်ထောင်စု ၂၈စုစာအတွက်လည်းကောင်း၊ကမ်းပြိုဘေးသင့် ကျောင်းသား၊ ကျောင်းသူများအား ကျောင်းဝတ်စုံနှင့်ဗလာစာအုပ်များ၊ အားကစားပစ္စည်းများကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မကွေးမြို့နယ်၊ ထုံးပေါက်တောကျေးရွာအုပ်စု၊သဖန်းဆိပ်လျှပ်စစ်မြစ်ရေတင်လုပ်ငန်းသို့ ရောက်ရှိပြီး သဖန်းဆိပ်ဒေသရှိ ဒေသခံတောင်သူများ စိုက်ပျိုးရေရရှိရေး၊ ဧရာဝတီမြစ်ရေမှ ရေကိုရေတင်ရေဖြန့်းစနစ်ဖြင့် ရေပေးဝေနိုင်ရန် စီမံဆောင်ရွက်ထားရှိမှုအခြေအနေအား ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ မှာကြားပြီး သဖန်းဆိပ်လျှပ်စစ်မြစ်ရေတင် စီမံကိန်းရှင်းလင်းဆောင်တွင် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ စိုက်ပျိုးမြေများကိုလည်း လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင်သာ အကျိုးရှိရှိ အသုံးချဆောင်ရွက်ရေးမှာကြားပြီး ဒေသခံတောင်သူများ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍ လိုအပ်ချက်တင်ပြမှုများအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ တက်ရောက်လာသော ဒေသခံတောင်သူများအား မြေသြဇာနှင့် မျိုးစေ့များ ပေးအပ်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ထုံပေါက်တော့ကျေးရွာရှိ တောင်သူ ဦးကြိုင်ထွန်း၏ အကွက်အမှတ်(၁၆၃၄×၂၉၂၄)၊ ကွင်းအမှတ်(၃၅)ရှိ မိုးနှမ်း (ဆင်းရတနာ-၃ ) ၁၀ ဧက စံပြကွက်အား ကြည့်ရှုစစ်ဆေးကာ ဒေသခံတောင်သူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**မောင်နိုင်မင်း(ပြန်/ဆက်)**

## မင်းဘူးမြို့၌ ဧရာဝတီမြစ်ရေ သိသိသာသာတိုးမြင့်နေပြီး ရေမှတ် ၁၃၆၂ စင်တီမီတာသို့ ရောက်ရှိ

**မင်းဘူး ဇွန် ၁၀**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူးမြို့တွင် ယခုရက်ပိုင်း ဧရာဝတီမြစ်ရေ သိသိသာသာ တိုးမြင့်လျက်ရှိပြီး ဇွန်လ ၁၀ရက် နံနက် ၆နာရီခွဲ တိုင်းထွာချက်များအရ မင်းဘူးမြို့၌ ဧရာဝတီမြစ်ရေမှတ်သည် ၁၃၆၂ စင်တီမီတာသို့ ရောက်ရှိနေပြီဖြစ်ကြောင်း မြို့နယ် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

မင်းဘူး(စကု)မြို့နယ်အတွင်း၌ ပြီးခဲ့သည့် မေလနောက်ဆုံးပတ်တွင်သာ မိုးများစွာ ရွာသွန်းခဲ့ပြီး ယခုရက်ပိုင်းတွင် မိုးရွာသွန်းခြင်းမရှိကြောင်း၊ မြန်မာနိုင်ငံအထက်ပိုင်းရှိ ဒေသများ၌ မိုးများစွာ ရွာသွန်းမှုကြောင့် ဧရာဝတီမြစ်ကြောင်းတစ်လျှောက် ၄င်းမြစ်ရေသည် တဖြည်းဖြည်း တိုးမြင့်လာပြီး အလယ်ပိုင်းဒေသများကို ဖြတ်သန်းစီးဆင်းခြင်းဖြစ်ကြောင်း၊ ဧရာဝတီမြစ်ရေနှင့်ပတ်သက်ပြီး မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနရုံးမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပူးပေါင်းအဖွဲ့များက ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပညာပေးလုပ်ငန်းများကို အပတ်စဉ်ကွင်းဆင်းပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုလက်ရှိတွင် ဧရာဝတီမြစ်ရေသည် စိုးရိမ်စရာ အခြေအနေသို့ မရောက်ရှိသေးသော်လည်း မြစ်ကမ်းဘေးနှင့် မန်းချောင်းတစ်လျှောက် မြေနိမ့်ပိုင်းဒေသများတွင် နေထိုင်လျက်ရှိသောပြည်သူများအနေဖြင့် သတိပြုသွားလာနေထိုင်ရန် လိုအပ်မည်ဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင်က ပြောသည်။

မင်းဘူး(စကု)မြို့နယ်တွင် ဧရာတီမြစ်စိုးရိမ်ရေမှတ်သည် ၁၇၀၀ စင်တီမီတာဖြစ်ပြီး မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ယနေ့ နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် မင်းဘူးမြို့တွင် ၁၃၆၂ စင်တီမီတာသို့ ရောက်ရှိနေပြီဖြစ်ကာ စိုးရိမ်ရေမှတ်ကို ရောက်ရှိရန် ၃၃၈ စင်တီမီတာသာ လိုတော့ကြောင်း၊ မြစ်ရေမှတ် ၁၆၅၀ စင်တီမီတာ ဝန်းကျင်ရောက်မှသာ မြို့နယ်အတွင်းရှိ မြေနိမ့်ပိုင်း မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအချို့တွင် ဧရာဝတီမြစ်ရေ စတင်ဝင်ရောက်လေ့ရှိကြောင်း သိရသည်။

**(အောက်ပုံ) (၅၀၀)**



## ဝန်ထမ်းပေါင်းစုံ ငွေစုငွေချေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

**ကျိုင်းတုံ ဇွန် ၁၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၌ ဝန်ထမ်းပေါင်းစုံ ငွေစုငွေချေး သမဝါယမအသင်း လီမိတက်၏ ၂၀၂၄-၂၀၂၅ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယမန်နေ့က မြို့နယ်သမဝါယမဦးစီးဌာနရုံး၌ ကျင်းပသည်။

အစည်းအဝေးတွင် ကျိုင်းတုံမြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေနှင်းအေးနှင့် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌတို့က အမှာစကား ပြောကြားကြပြီး အသင်း၏အုပ်ချုပ်မှု ဒါရိုက်တာက ဒါရိုက်တာအဖွဲ့ အစီရင်ခံစာနှင့် ၂၀၂၄-၂၀၂၅ ခုနှစ်ချုပ် ဘဏ္ဍာရေးရှင်းတမ်းနှင့် ရှေ့လုပ်ငန်းစဉ်များ ဖတ်ကြားတင်ပြရာ တက်ရောက်လာကြသည့် အမှုဆောင်အဖွဲ့နှင့် အသင်းသားများ၏ အတည်ပြုချက်များကိုရယူခဲ့ပြီး အသင်းသား ၂၅၆ ဦးအား အစု ပေါ်အမြတ်ငွေ၊ စုဆောင်းငွေပေါ်အတိုးနှင့် တက်ရောက်လာသည့် အသင်းသားများအား ပြန်လည်ချီးမြှင့်သည့်အနေနှင့် တစ်ဦးလျှင် ပဲဆီတစ်ပိဿာနှင့် မျက်နှာသုတ်ပဝါစသည်တို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

*-*-*-*-*



## ထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိစေရေး ဈေးကွက်စောင့်ကြည့်စစ်ဆေး

**မြင်းခြံ ဇွန် ၁၀**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင် စားသုံးသူရေးရာဦးစီးဌာနသည် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးရေးနှင့် ထုတ်ကုန်များတွင် သတ်မှတ် ကုန်ပစ္စည်းအညွှန်းများပါရှိရေး၊ ဈေးနှုန်း မှန်ကန်စွာရောင်းချစေရေးနှင့် ထုတ်ကုန်များလုံခြုံစိတ်ချမှုရှိစေရေးအတွက် ဇွန် ၉ ရက် နံနက် ၉ နာရီမှ ၁၁ နာရီအထိ မြင်းခြံမြို့ မြို့မစည်ပင်သာယာဈေးအတွင်းတွင်လည်းကောင်း၊ မွန်းလွဲပိုင်းတွင် မြင်းခြံမြို့ပေါ် ရပ်ကွက်များရှိ စတိုးဆိုင်၊ ကုန်စုံဆိုင်များအား ထုတ်ကုန်များလုံခြုံ စိတ်ချရမှုရှိစေရေးအတွက် ဈေးကွက်စောင့်ကြည့် စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းများ ဆောင်ရွက်ရာတွင် စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၊ ဈေးအကျိုးတော်ဆောင်အဖွဲ့များက ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ) (၀၄၅)**



# Health အလှအပနှင့် ကျန်းမာရေးကဏ္ဍ

## ကော်လာဂျင်(Collagen) ထုတ်လုပ်မှုကို မြှင့်တင်ပေးနိုင်တဲ့ အစားအစာများ

အရွယ်တင်နုပျိုပြီး အသားအရေတင်းရင်းစေဖို့အတွက် ကော်လာဂျင်(Collagen) က အရေးကြီးပါတယ်။ ကော်လာဂျင်(Collagen)ဆိုတာ ခန္ဓာကိုယ်က သဘာဝအတိုင်း ထုတ်လုပ်ပေးတာဖြစ်ပေမယ့် အသက်အရွယ်ရလာတာနဲ့အမျှ ကော်လာဂျင်(Collagen) ထုတ်လုပ်မှုတွေ တဖြည်းဖြည်းလျော့ကျလာတာကြောင့် ပြည်လည်ဖြည့်တင်းပေးဖို့အတွက် ကော်လာဂျင်(Collagen)တွေကို ဝယ်သောက်ကြရတာ ဖြစ်ပါတယ်။ ခန္ဓာကိုယ်က ကော်လာဂျင် (Collagen) ထုတ်လုပ်မှုကို မြှင့်တင်ပေးနိုင်ဖို့တွက် အောက်မှာဖော်ပြထားတဲ့ အစားအစာတွေကို စားပေးနိုင်ပါတယ်။




**(၁) ဗီတာမင်စီ (Vitamin-C) ကြွယ်ဝတဲ့ အစားအစာများ**

ဗီတာမင်စီကြွယ်ဝတဲ့ အစားအစာတွေကို စားပေးရင်လည်း ခန္ဓာကိုယ်အတွင်းက ကော်လာဂျင်ထုတ်လုပ်မှုကို မြှင့်တင်ပေးပါတယ်။ ဒါကြောင့် ဗီတာမင်စီကြွယ်ဝတဲ့ အသီးတွေဖြစ်တဲ့ လိမ္မော်သီး၊ သံပုရာသီး၊ ကီဝီသီး၊ ပန်းသီး၊ စတော်ဘယ်ရီသီး၊ နာနတ်သီး၊ သင်္ဘောသီးတွေကို များများစားသုံးပေးခြင်းဖြင့် ကော်လာဂျင်ထုတ်လုပ်မှုကို မြှင့်တင်နိုင်ပါတယ်။

**(၂) ပဲအမျိုးမျိုး**

ပရိုတိန်းဓာတ်များစွာ ပါဝင်တဲ့ ပဲအမျိုးမျိုးဟာ ခန္ဓာကိုယ်က လိုအပ်တဲ့ ပရိုတင်းဓာတ်ကို ဖြည့်တင်းပေးပြီး ကော်လာဂျင်ထုတ်လုပ်မှုကို မြှင့်တင်ပေးတာကြောင့် ပဲနို့၊ ပဲပြားနဲ့ ပဲအမျိုးမျိုးကို စားသုံးပေးခြင်းဖြင့် အသားအရေတင်းရင်းနုပျိုစေပါတယ်။

**(၃) ရေညှိ**

ပင်လယ်ရေညှိဟာ အသားအရေပျက်စီးခြင်းနဲ့ အိုမင်းရင့်ရော်ခြင်းကိုကာကွယ်ပေးနိုင်ပါတယ်။ ဒါကြောင့် ပင်လယ်ရေညှိကို နေ့စဉ် အစားအသောက်မှာ ထည့်ပြီး စားသုံးနိုင်သလို ရေညှိနဲ့ ထုတ်လုပ်ထားတဲ့ ဖြည့်စွက်စာတွေကိုလည်း သောက်သုံးပေးနိုင်ပါတယ်။

**(၄) အရိုးပြုတ်ရည်**

ဝက်ရိုး၊ အမဲရိုး၊ ကြက်ရိုးတွေကို မီးအေးအေးနဲ့အချိန်ချိန်ကြာကြာပြုတ်ထားတဲ့ အရိုးပြုတ်ရည်မှာ ကော်လာဂျင်များစွာ ပါဝင်တာကြောင့် နေ့စဉ်စားတဲ့ အစားအစာတွေထဲမှာ ထည့်သွင်းစားနိုင်ပါတယ်။ အရိုးပြုတ်ရည်ကို ဒီအတိုင်းသောက်နိုင်သလို နှစ်သက်ရာ အသီးအရွက်တွေ ထည့်ပြုတ်ပြီး ဟင်းရည်အနေနဲ့လည်း သောက်သုံးပေးနိုင်ပါတယ်။ (Daisy)

## Skin care သုံးစရာမလိုဘဲ အသားအရေကြည်လင်လှပစေမယ့်အရာများ


အသားအရေလှပဖို့အတွက် Skin care သုံးမှ လှတာမဟုတ်ပါဘူး။ အသားအရေကောင်းအောင်လုပ်လို့ရတဲ့ အခြားနည်းလမ်းတွေရှိပါတယ်။ အသားအရေလှပအောင် ကိုယ့်ရဲ့ တစ်နေ့တာ အမူအကျင့်တွေကို ပြုပြင်လိုက်ရုံနဲ့ အသားအရေကြည်လင်လှပလာစေမှာဖြစ်ပါတယ်။

(၁) အသားအရေကောင်းချင်တယ်ဆိုရင် ရေများများသောက်ပေးဖို့က အရေးကြီးပါတယ်။ ရေသောက်နည်းရင် ကျန်းမာရေးအတွက်လည်း မကောင်းသလို အသားအရေကိုလည်း မွဲခြောက်ပျက်စီးစေပါတယ်။

(၂) ဝမ်းချုပ်ရင် အသားအရေညစ်ပြီး ဝက်ခြံနဲ့ အပူဖုတွေ ထွက်လာစေပါတယ်။ ဒါကြောင့် အသားအရေလှဖို့အတွက် ဝမ်းမချုပ်ဖို့က အရေးကြီးတာကြောင့် နေ့စဉ်ဝမ်းပုံမှန်သွားအောင် ဂရုပြုဖို့လိုအပ်ပါတယ်။

(၃) နေပူထဲသွားရင် နေရောင်ခြည်နဲ့အပူဒဏ်ကို ကာကွယ်ဖို့အတွက် အကာအကွယ် ဝတ်ဆင်သွားဖို့ လိုအပ်ပါတယ်။ နေပူထဲ အကာအကွယ်မပါဘဲ လျှောက်သွားနေမယ်ဆိုရင်တော့ အသားမည်းတာ၊ နေလောင်တာတွေ ဖြစ်လာမှာပါ။ ဒါကြောင့် နေပူထဲသွားတော့မယ်ဆိုရင် ထီး၊ ဦးထုပ် စသည်တို့ ဆောင်းသွားပါ။

(၄) အသားအရေကောင်းဖို့အတွက် လူတွေသတိမထားမိတဲ့ အရေးကြီးဆုံးတစ်ချက်ကတော့ အိပ်ရေးဝအောင်အိပ်ခြင်းပါပဲ။ အိပ်ရေးပျက်ရင် မျက်ကွင်းညို၍ မျက်လုံးနား အရေးအကြောင်းတွေဖြစ်လာပြီး ဝက်ခြံတွေ ထွက်လာမှာပါ။ Skin care တွေ ဘယ်လောက်လုပ်လုပ် အိပ်ရေးပျက်နေရင်တော့ အသားအရေ ကောင်းလာမှာမဟုတ်တာကြောင့် အိပ်ရေးဝအောင် အိပ်ပေးပါ။ (Daisy)





## စိတ်ဖိစီးမှုကြောင့် ဖြစ်ပေါ်တတ်တဲ့ နောက်ဆက်တွဲ ဆိုးကျိုးများ

ယခုလို သဘာဝဘေး၊ လူမှုရေးနဲ့ စီးပွားရေး အခက်အခဲ အကျပ်အတည်းကာလမှာ စိတ်ပင်ပန်းမှု၊ လူပင်ပန်းမှု၊ စိတ်ညစ်ခြင်း၊ စိတ်ရှုပ်ခြင်းတွေကို တော်တော်များများ ရင်ဆိုင်ကြုံတွေ့နေကြရတာ ဖြစ်ပါတယ်။ စိတ်ဖိစီးမှုကို ခဏတာကြုံတွေ့ရတာက ဘာမှမဖြစ်ပေမယ့် ရေရှည်ကြုံတွေ့လာရတဲ့ခါမှာတော့ နောက်ဆက်တွဲအနေနဲ့ စိတ်နဲ့ ခန္ဓာကိုယ် ကျန်းမာရေး၊ လူမှုရေးနဲ့ နေ့စဉ်ဘဝကိုပါ ထိခိုက်လာနိုင်ပါတယ်။ စိတ်ဖိစီးမှုတွေ ဖြစ်ပေါ်လာရင် သတိထားရမယ့် အချက်တွေကို ဖော်ပြပေးလိုက်ပါတယ်။

**(၁) ဆုံးဖြတ်ချက် အလွဲတွေ ပိုမိုချမှတ်ဖြစ်ခြင်း**

သေချာစဉ်းစားဆုံးဖြတ်သင့်တဲ့ကိစ္စမျိုးကို စိတ်ဖိစီးနေချိန်မှာ မဆုံးဖြတ်သင့်ပါဘူး။ လူမှုစိတ်ပညာ ကျွမ်းကျင်သူများက စိတ်ဖိစီးမှုများနေတဲ့အခါ မိမိစိတ်သန်ရာကိုဆွဲပြီး ဆုံးဖြတ်မိလို့ မိမိဆုံးဖြတ်ချက်တိုင်း အကောင်းချည်းပဲမြင်လို့ အဆိုးဘက်ရောက်ဖို့ စိတ်ထက်သန်နေတယ်။ စိတ်တည်ငြိမ်နေတဲ့ အခါမျိုးမှသာ အကောင်းနှင့်အဆိုး ချင့်ချိန်ပြီး ဆုံးဖြတ်သင့်ပါတယ်။

**(၂) ပေါင်းလို့ သင်းလို့ မကောင်းဖြစ်နေခြင်း**

အလွန်အကျွံစိတ်ဖိစီးနေရင် လုပ်မိရာ လုပ်ဖြစ်လို့ ကိုယ့်ကိစ္စပဲ အာရုံစိုက်ဖြစ်နေမယ်။ ဘေးပတ်ဝန်းကျင် အာရုံစိုက်ဖို့ စိတ်မရှည်တော့ ဘေးကလူတွေ ကိုယ့်အတွက် ဒေါသဖြစ်စရာ၊ စိတ်မရှည်စရာ ဖြစ်နေလိမ့်မယ်။ ကိုယ့်စိတ် မထားတတ်ရုံတစ်ခုတည်းကြောင့်တော့ မဟုတ်ဘူး။

**(၃) အလုပ်ပြီးမြောက်ဖို့ ပိုခက်လာခြင်း**

အလွန်အကျွံ စိတ်ဖိစီးလာတဲ့အခါ ဦးနှောက်တွင်း ရည်မှန်းချက်ဖော်ဆောင်ရေး တာဝန်ယူတဲ့အပိုင်းမှာ စိတ်ဖိစီးမှု ဟော်မုန်းများ ဖုံးလွှမ်းနှောင့်ယှက်နေတော့ လူဟာလုပ်မယ့်အလုပ်ကို ပြီးအောင်လုပ်ဖို့ ခက်ခဲလာတယ်။ ရည်မှန်းချက်ပေါက်မြောက်ရေးအတွက် နည်းလမ်းသစ်များ တီထွင်ဖန်တီးအသုံးချနိုင်စွမ်းကုန်ခန်းသွားပြီး လမ်းဆိုး၊ အကျင့်ဆိုးများ ဆက်လုပ်မိလို့ အလုပ်မပြီးတာ ဖြစ်လာတယ်။

**(၄) မယဉ်ကျေးသူဖြစ်လာခြင်း**

အလွန်စိတ်ဖိစီးလာရင် လုပ်မိလုပ်ရာ လုပ်ဖြစ်တယ်။ စာမေးပွဲကျမှာ စိုးရိမ်တဲ့ စိတ်မခိုင်ဘဲ စာခိုးချဖြစ်တဲ့အထိ ရောက်သွားတာမျိုးဖြစ်တယ်။ စိတ်ဖိစီးစေတဲ့ ကော်တီစုန်ဓာတ်များနေရင် စာမေးပွဲခိုးချဖို့ ဝန်မလေးတတ်ဘူးလို့ ဆိုတယ်။ (Daisy)

## အဝတ်အစားရွေးချယ်ရာတွင် သိသင့်သော အချက်များ

**(၁)အရည်အသွေးကို ဦးစားပေးပါ**

အဝတ်အစားများကို ဝယ်ယူရာမှာ အရည်အသွေးကို ဦးစားပေးပါ။ အထည်တွေရဲ့ ချုပ်ရိုး၊ ချုပ်သား သုံးထားတဲ့ ပိတ်စအမျိုးအစားနဲ့ အရောင်များကို စစ်ဆေးပါ။ အရည်အသွေးကောင်းမွန်တဲ့ အဝတ်အစားတွေက ခဏနဲ့အရောင်လွင့်၊ ပုံပျက်သွားတာမျိုးမဖြစ်စေဘဲ ရေရှည်ဝတ်လို့ရတဲ့အပြင် ဝတ်ရတာလည်း သက်သောင့်သက်သာရှိစေပါတယ်။



**(၂)ခေတ်နဲ့အညီ ဖက်ရှင်တွေကိုရွေးပါ**

နောက်ဆုံးပေါ်ဖက်ရှင်ပုံစံလည်းဖြစ်၊ ကိုယ်နဲ့လည်း လိုက်ဖက်မယ့်ဒီဇိုင်းများကို ရွေးချယ်ပါ။ အချိန်မရွေး ဝတ်ဆင်နိုင်သောဖက်ရှင်များကို ဦးစားပေးပါ။ ဥပမာအားဖြင့် ဂျင်းဘောင်းဘီဆိုရင် ဘယ်အချိန်မဆို မရိုးနိုင်တဲ့ ဖက်ရှင်ဖြစ်ပါတယ်။

**(၃)ကိုယ်နဲ့လိုက်ဖက်တဲ့ပုံစံ**

ကိုယ့်ရဲ့ ခန္ဓာကိုယ်ပုံသဏ္ဌာန်နဲ့ လိုက်ဖက်မယ့် အဝတ်အစားများပုံစံကို ရွေးချယ်ပါ။ ခန္ဓာကိုယ်ပုံသဏ္ဌာန်နဲ့လိုက်ဖက်တဲ့ အဝတ်အစားတွေ ရွေးချယ်ခြင်း၊ ဝတ်ဆင်ခြင်းက ပိုမိုလှပပြီး ဖက်ရှင်ကျစေပါတယ်။

**(၄) ဈေးနှုန်းကို ချိန်ဆပါ**

ဈေးနှုန်းသင့်ပြီး ကွာလတီကောင်းတဲ့ အဝတ်အစားကို ရွေးချယ်ပါ။ အရည်အသွေးနဲ့ ဈေးနှုန်းကို နှိုင်းယှဉ်ပြီး အရည်အသွေးကောင်းမွန်သော အဝတ်အစားတွေသည် ဈေးနှုန်းမြင့်နိုင်ပေမယ့် ရေရှည်ဝတ်လို့ရတာကြောင့် ပိုပြီး တန်ဖိုးရှိပါတယ်။

**(၅) နေရာဒေသအလိုက် ဝတ်ဆင်ပါ**

အဝတ်အစားကို ကိုယ်သွားမယ့်နေရာ ဒေသအပေါ်မူတည်၍ သင့်တော်ပြီး ကြည့်ကောင်းတာကို ရွေးချယ်ဝတ်ဆင်ဖို့ လိုပါတယ်။ ပွဲလမ်းသဘင်များနဲ့ အလုပ်သွားရာမှာ သင့်တော်သော အဝတ်အစားများကို ရွေးချယ်ဝတ်ဆင်ခြင်းသည် အပြန်အလှန်လေးစားရာ ရောက်စေတဲ့အပြင် ကိုယ့်အတွက်လည်း ပိုပြီးသက်သောင့်သက်သာနဲ့ လှပစေပါတယ်။ (Daisy)

## ကွန်ဟိန်းမြို့ (Community Centre)ခန်းမ၌ စာဖတ်ဝိုင်း ကျင်းပ

**ကွန်ဟိန်း ဇွန် ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကွန်ဟိန်းမြို့ (Community Centre) ခန်းမ၌ အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ စာရေးဆရာမောင်ခင်မင် ရေးသားထားသည့် 'အမွေခံတစ်ယောက် အမွေပေးသူတစ်ရာ' စာအုပ်ဖြင့် စာဖတ်ဝိုင်းကို ဇွန် ၉ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးခွန်ရဲထွေးက စာဖတ်ဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် စာဖတ်ဝိုင်းတွင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သက်သက်မွန်က 'အမွေခံတစ်ယောက် အမွေပေးသူတစ်ရာ' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင် ဒေါ်သဲမာအောင်က 'လူငယ်များအတွက် ဇာတက' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်အေးစိန်က 'ဆရာနှင့်ပတ်သက်သည့်အတွေးများ' ခေါင်းစဉ်ဖြင့်လည်းကောင်း အပြန်အလှန် ဆွေးနွေးခဲ့ကြပြီး အသိပညာပေး နံရံကပ်စာစောင်များ ကြည့်ရှုခဲ့ကြသည်။

အဆိုပါ စာဖတ်ဝိုင်းအား စာဖတ်သူတိုးပွားလာစေရန်၊ အားလပ်ချိန်ကို အကျိုးရှိစွာ အသုံးချနိုင်စေရန်၊ ဗဟုသုတများ ဖလှယ်သည့် အလေ့အထများ တိုးပွားလာစေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)



## လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ

**လဲချား ဇွန် ၁၀**

အနာဂတ်မျိုးဆက်သစ် လူငယ်များ ပေါ်ထွန်းလာစေရန်နှင့် ကျောင်းသား၊ ကျောင်းသူများ၏ ကိုယ်ရည်ကိုယ်သွေး၊ ဉာဏ်ရည်ဉာဏ်သွေး တိုးတက်မြင့်မားလာစေရန် ရည်ရွယ်၍ ဇွန် ၉ ရက် နံနက် ၉ နာရီခွဲက ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လဲချားမြို့နယ် မူလတန်းလွန်ကျောင်း (ဟိုရင်)၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပသည်။ (ဝဲပုံ)



အဆိုပါ အသိပညာပေးဟောပြောပွဲတွင် ကျောင်းအုပ်ဆရာကြီးက အမှာစကားပြောကြားပြီး ဦးစီးအရာရှိ ဒေါ်ခင်ချိုထွေးက လွတ်လပ်ရေးနေ့၊ ကလေးအလုပ်သမား ပပျောက်ရေး၊ ကလေးအလုပ်သမားအကြောင်း သိကောင်းစရာများအားလည်းကောင်း၊ ဒုတိယဦးစီးမှူး ဒေါ်ဟေမွန်ဦးက မူးယစ်ဆေးဝါးဟူသည်၊ ရှောင်လေဝေးဝေး မူးယစ်ဆေး၊ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေး၊ ကျောင်းပညာရေးတွင်သာမက ဘက်စုံထူးချွန်သော ကျောင်းသား၊ ကျောင်းသူများ ဖြစ်ထွန်းလာစေရန်အတွက် ကျောင်းစာအပြင် ပြင်ပဗဟုသုတ စာအုပ်၊ စာစောင်များကို ဖတ်ရှုလေ့လာသင့်ကြောင်းကိုလည်းကောင်း၊ အသိပညာပေး ဟောပြောကြကာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ သဘာဝဘေးအန္တရာယ်၊ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး နံရံကပ်စာစောင်များကို ပြသခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

## လူကုန်ကူးမှုအန္တရာယ်များ၊ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာများနှင့်ပတ်သက်၍ နံရံကပ်စာစောင်ပြသ

**ကျေးသီး ဇွန် ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကျေးသီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပြည်သူများ အသိပညာဗဟုသုတတိုးပွားစေရန် ရည်ရွယ်၍ အသိပညာပေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ မြေစိုက် နံရံကပ်စာစောင်ပြသခြင်းများ ဆောင်ရွက်လျက်ရှိသည်။ (ယာပုံ)

ထိုသို့ မြေစိုက်နံရံကပ်စာစောင်ပြသရာတွင် ယခုလအတွက် မူးယစ်ဆေးဝါး အသိပညာပေးများ၊ လူကုန်ကူးမှုအန္တရာယ်များ၊ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာများနှင့်ပတ်သက်သည့် ဆောင်းပါး၊ ကဗျာ၊ ကာတွန်းများဖြင့် ဝေဝေဆာဆာ ပြသထားမှုအပေါ် ပြည်သူများက စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုကြကြောင်းနှင့် မြေစိုက်နံရံကပ်စာစောင်ပြသခြင်းများအား တစ်လနှစ်ကြိမ် လဲလှယ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)








## သစ်ပင်စိုက်ကြစို့

* သစ်ပင်ကို ချစ်ခင်ကြလို့
နှစ်စဉ် မိုးကျ စိုက်ပျိုးပါ
တို့မြို့၊ ရွာ စိမ်းလန်းလို့
အေးချမ်းသာယာ ။

* လေညင်း ခတော့ ပန်းရနံ့စုံ
တောတောင်အကုန် စိမ်းစိုလန်း
မြေလွတ်တွေ အကွက်ရိုက်လို့
စိုက်ကြမယ်ပန်း ။

* နေခြည်ဖြာ ရွှေရောင်ဝင်းတော့
တောတောင်အတွင်း ကျေးငှက်စုံ
သစ်တစ်ပင်ကောင်းလျှင် ငှက်တစ်သောင်း
မွေ့အောင်းခိုလှုံ ။

* နှစ်ရှည်ပင်များ စိုက်ပျိုးပါ
နိုင်ငံဘဏ္ဍာရရှိလို့
ပေါင်းစုကာ နှစ်စဉ်အလိုက်
သစ်ပင်စိုက်စို့ ။ ။

**မောင်မောင်လင်းထွဋ် (နန်းတော်ရှေ့)**

## ရုံးစာရေးသားနည်းသင်တန်း ဖွင့်လှစ်

**ဥတ္တရသီရိ ဇွန် ၁၀**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခရိုင်နှင့် မြို့နယ်ရုံးများတွင် တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများအနေဖြင့် လုပ်ငန်းသဘောသဘာဝနှင့် ရုံးလုပ်ငန်းတာဝန်များကို သိရှိနားလည်ပြီး မိမိတို့ တာဝန်ယူဆောင်ရွက်ရသည့် ရုံးလုပ်ငန်းများကို မှန်ကန်မြန်ဆန်စွာနှင့် ထိရောက်၊ ထက်မြက်စွာ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ရုံးစာရေးသားနည်းသင်တန်းကို ဇွန် ၉ ရက် နံနက်ပိုင်းက ခရိုင်ပြည်သူ့စာကြည့်တိုက်၌ ကျင်းပသည်။

အဆိုပါသင်တန်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်ထောင်စုနယ်မြေ နေပြည်တော်ရုံးမှ ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က အဖွင့်အမှာစကားပြောကြားပြီး ဥတ္တရခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေဝင်းက သင်တန်းတွင် သင်ကြားပို့ချမည့် သင်ခန်းစာများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် သင်တန်းကို ဆက်လက်ကျင်းပရာ သင်တန်းနည်းပြများဖြစ်ကြသော ညွှန်ကြားရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူးတို့က ရုံးလုပ်ငန်းသဘောတရား၊ ဝင်စာများကို အရေးယူဆောင်ရွက်ခြင်း၊ ထွက်စာများကို အရေးယူဆောင်ရွက်ခြင်း၊ စာရွက်စာတမ်းများ လုံခြုံစွာ ကိုင်တွယ်ထိန်းသိမ်းခြင်း၊ ရုံးစာရေးသားနည်း၊ စာပေးစာယူ၊ အစည်းအဝေးကျင်းပခြင်းနှင့် မှတ်တမ်းတင်ခြင်း၊ လုပ်ငန်းမှတ်တမ်းရေးသားခြင်း၊ လုပ်ငန်းစီမံချက်ရေးသားခြင်းနှင့် ရုံးလုပ်ငန်းများ စစ်ဆေးခြင်းအကြောင်းတို့ကို သင်တန်းသား၊ သင်တန်းသူများအား စာတွေ့၊ လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဥတ္တရခရိုင်အတွင်းရှိ အမှုထမ်းဝန်ထမ်းများ တက်ရောက်ကြကြောင်း သိရသည်။ (အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)



## (၁၅)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲ ကျင်းပ

**မန္တလေး ဇွန် ၁၀**

အမရပူရမြို့နယ်၊ ခနုံးကျေးရွာအုပ်စု၊ ယဉ်တော်စံကျေးရွာ (၁၅)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက အောင်သိဒ္ဓိကပ်ကျော်ဓမ္မာရုံတွင် ကျင်းပရာ ခနုံးကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်မြတ်ခိုင် ဦးစီး၍ အလှူရှင်များ၊ သက်ကြီးဘိုးဘွားများ၊ ရွာသူ၊ ရွာသားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို 'နမောတဿ' သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ခနုံးကျေးရွာ သံဃနာယက ဆရာတော် ဘဒ္ဒန္တ အကိုရညာဏထံမှ တက်ရောက်လာသော ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ အသက် ၇၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွား ၆၅ ဦးအား တစ်ဦးလျှင် ငွေကျပ် ၄၀၀၀၀ စီနှင့် ပုဆိုး၊ ထဘီ၊ ခြင်ထောင်၊ ကြက်သွန်နီ တစ်ပိဿာတို့ဖြင့် ကန်တော့ကြရာ အသက် ၁၀၃ နှစ်ရှိ အဘိုး ဦးဘရှင်က ဆုပေးစကား ပြောကြားသည်။



ထို့နောက် ကျေးရွာအုပ်ချုပ်ရေးမှူး၊ အလှူရှင်နှင့် ဧည့်ပရိသတ်များက လှူဒါန်းမှုအစုစုအတွက် ဆရာတော်ထံမှ ရေစက်ချတရားနာယူကြည်ညိုကြပြီး 'ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု' သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၃)




မန္တလေး၊ မဟာမြိုင်အပိုင်း(၁)နေ ဒေါ်ခင်စန်းမြင့်၊ ညီမ ဒေါ်တင်တင်စိန်နှင့်မိသားစုတို့က မိဘများနှင့် ခင်ပွန်း ဦးမောင်မောင်ကျော်တို့အားရည်စူး၍ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းသို့ ရာသက်ပန်ဆွမ်းပဒေသာပင် ယခင်လှူဒါန်းပြီး ငွေကျပ် ၁၀ သိန်း၊ ဖြည့်စွက်လှူဒါန်း ငွေကျပ် ခြောက်သိန်း၊ စုစုပေါင်း ငွေကျပ် ၁၆ သိန်းကို ယမန်နေ့က ပေးအပ်လှူဒါန်းရာ ဥပဏ္ဍမ္ဘကအဖွဲ့တွဲဖက်အတွင်းရေးမှူး ဦးကျော်ဝင်းက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (PNT)

## မန္တလေးတောင်တော်ရှိ ဘုရား၊ စေတီ၊ ပုထိုးများ ပြုပြင်ရန် စေတနာရှင်များမှ အလှူငွေများ လာရောက်လှူဒါန်း

**ညောင်ဦး ဇွန် ၁၀**

ငလျင်ဒဏ်ကြောင့် ပျက်စီးယိုယွင်းသွားသော မန္တလေးတောင်တော်ရှိ ဘုရား၊ စေတီ၊ ပုထိုး၊ သိမ်၊ တန်ဆောင်း၊ ပြာသာဒ်များအား ဂေါပကအဖွဲ့မှ ကြီးမှူး၍ ပြန်လည်ပြုပြင်လျက်ရှိပြီး စေတနာရှင်များက အလှူငွေများ လာရောက်လှူဒါန်းလျက်ရှိရာ ဇွန် ၉ ရက် နံနက်ပိုင်းက မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတောင်တော်ဓမ္မစကြာအသင်းနှင့် ကျောက်တော်ကြီးဘုရား ဈေးသူ၊ ဈေးသားများက ငွေကျပ် သုံးသိန်းတစ်သောင်းငါးထောင်ကိုလည်းကောင်း၊ မန္တလေးတောင် မြတ်ရတနာတိုက်တန်းနေ ဦးထွန်းထွန်းဇော် + ဒေါ်တင်မြသက်မိသားစုက ငွေကျပ် တစ်သိန်း၊ မန္တလေးတောင်ခြေ၊ ဇောခိပင်ဈေးတန်းနေ ဒေါ်သိန်းရင်(သဇင်မြိုင်)မိသားစုက ငွေကျပ် တစ်သိန်းတို့ကို လာရောက်လှူဒါန်းရာ မန္တလေးတောင်တော် ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့် အဖွဲ့ဝင်များက လက်ခံရယူပြီး ဂုဏ်ပြုလွှာပေးအပ်ကြသည်။

(အောက်ပုံ)

ကုသိုလ်ရှင်များအနေဖြင့် သံ(၃မူး) ၀ ဒသမ ၂၅တန်လျှင် ငွေကျပ် ၉၅၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ သံ(၃မူး) ၀ ဒသမ ၅ တန်လျှင် ငွေကျပ် ၁၉၀၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ သံ(၃မူး)တစ်တန်လျှင် ငွေကျပ် ၃၈၀၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ဘိလပ်မြေတစ်အိတ်လျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ထုံးတစ်အိတ်လျှင် ငွေကျပ် ၃၅၀၀ နှုန်းဖြင့်လည်းကောင်း၊ သဲ တစ်ကျင်းလျှင် ငွေကျပ် ၄၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ချိပင်ကျောက်တစ်ကျင်းလျှင် ငွေကျပ် ၁၀၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ (B)ကျောက် တစ်ကျင်းလျှင် ငွေကျပ် ၈၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ အုတ်တစ်ချပ်လျှင် ငွေကျပ် ၃၅၀ နှုန်းဖြင့်လည်းကောင်း၊ ဆီဆေး တစ်ဂါလန်လျှင် ငွေကျပ် ၇၄၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ရေဆေး တစ်ဂါလန်လျှင် ငွေကျပ် ၄၅၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ရေဆေး တစ်ပုံးလျှင် ငွေကျပ် ၂၂၅၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ၁ပေ× ၁ပေ ကြွေပြားတစ်ချပ်လျှင် ငွေကျပ် ၄၅၀၀ နှုန်းဖြင့်လည်းကောင်း မန္တလေးတောင်ဂေါပကအဖွဲ့ရုံးနှင့် ဆုတောင်းပြည့်ဘုရားရင်ပြင် အလှူခံဌာနတို့တွင်လည်းကောင်း၊ ဂေါပကအဖွဲ့ ဖုန်း ၀၉-၇၈၇၆၅၉၇၇၅နှင့် ၀၉-၄၄၁၀၃၈၈၇၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

မောင်ပြည်သူ(မန္တလေး)



မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီး ကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် ကွယ်လွန်သူ ဒေါ်ခင်စောငြိမ်း၊ မနှင်းအေးခက်တို့ကို ရည်စူး၍ ပုသိမ်ကြီးမြို့နယ်၊ ကျွဲနဖားရွာနေ ဖခင်ကြီး ဦးထွန်းထွန်းနှင့် အခြားသောမြို့များမှ ညီအစ်ကိုမောင်နှမများက မန္တလေးမြို့ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၁၀ သိန်းကို လှူဒါန်းရာ ဘဏ္ဍာရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးစိုးလွင်က လက်ခံရယူစဉ်။ (ကဆ)



## မန္တလေးဒေသကောလိပ် ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများအား မြန်မာနှစ်ဦးဂါရဝပြုငွေများ ပေးအပ်ပွဲကျင်းပ

**မန္တလေး ဇွန် ၁၀**

မန္တလေးဒေသကောလိပ် ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများအား မြန်မာနှစ်ဦးဂါရဝပြုငွေ ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၉ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ဝေဇယန္တာလမ်းနှင့် မေတ္တာလမ်းထောင့်ရှိ WTower ဒုတိယထပ်တွင် ကျင်းပသည်။(အောက်ပုံ)

အခမ်းအနားတွင် မန္တလေးဒေသကောလိပ် ကျောင်းသား၊ ကျောင်းသူဟောင်းများအသင်း (ရန်ကုန်)ဥက္ကဋ္ဌ ဦးမြဟန်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မန္တလေးဒေသကောလိပ် ကျောင်းသားဟောင်းများ ဖောင်ဒေးရှင်းမှပေးပို့သော ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီး တစ်ဦးလျှင် ဂါရဝပြုငွေကျပ် နှစ်သိန်းစီနှင့် ရန်ကုန်မြို့ရှိ မန္တလေးဒေသကောလိပ် ကျောင်းသားဟောင်းများ စုပေါင်းလှူဒါန်းငွေ ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီး တစ်ဦးလျှင် ငွေကျပ် သုံးသိန်းခွဲစီ ထပ်ဆောင်း၍ ဆရာကြီး၊ ဆရာမကြီးတစ်ဦးလျှင် ငွေကျပ် ၅ သိန်း ၅ သောင်းစီကို ဂါရဝပြုထောက်ပံ့ငွေပေးအပ်ကြသည်။

ဆက်လက်၍ မန္တလေးဒေသကောလိပ် ကျောင်းသား၊ ကျောင်းသူဟောင်းများ စုပေါင်းကထိန်ခင်းခဲ့သော ပျဉ်းမနားမြို့၊ ဈေးကုန်းကျောင်းသည် မန္တလေးငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သဖြင့် ပြန်လည်ပြုပြင်တည်ဆောက်ရန်အတွက် ကျောင်းသားဟောင်း ဦးမြဟန်က ငွေကျပ် ၂၅ သိန်း မ,တည် လှူဒါန်းခဲ့ကြောင်း သိရသည်။ (ဝ၄၅)

## သက်ကြီးဘိုးဘွားများအတွက် စားသောက်ရေး အဆင်ပြေစေရန် ဆန်နှင့် ကြက်ဥ ထောက်ပံ့လှူဒါန်း

**ညောင်ဦး ဇွန် ၁၀**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ပုဂံမြို့ရှိ အသက် ၇၀ နှစ်အထက် သက်ကြီးဘိုးဘွားများအတွက် စားသောက်ရေး အဆင်ပြေစေရန်ရည်ရွယ်၍ ရန်ကုန်မြို့၊ ဝေမျှခြင်းပရဟိတအဖွဲ့က ဇွန် ၈ ရက်က ဆန်နှင့် ကြက်ဥများ သွားရောက်ထောက်ပံ့လှူဒါန်းခဲ့သည်။

ထိုသို့ ထောက်ပံ့လှူဒါန်းရာတွင် ရန်ကုန်မြို့၊ ဝေမျှခြင်း ပရဟိတအဖွဲ့မှ ဦးဝင်းမင်းထွန်း ဦးဆောင်သော ပရဟိတအဖွဲ့ဝင်များက ညောင်ဦးမြို့နယ်၊ ပုဂံမြို့သစ်၊ သီရိပစ္စယာရပ်ကွက်နှင့် ပုဂံမြို့ဟောင်း ဧရာဝတီမြစ်ဇက်ဆိပ်ရှိ အသက် ၇၀ နှစ်အထက် သက်ကြီးဘိုးဘွား ၁၂ ဦးအား တစ်ဦးလျှင် ဆန်နှစ်ပြည်နှင့် ကြက်ဥ ကိုးလုံးစီတို့ကို အိမ်တိုင်ရာရောက် ထောက်ပံ့လှူဒါန်းပေးခဲ့သည်။

ရန်ကုန်မြို့၊ ဝေမျှခြင်းပရဟိတအဖွဲ့က စေတနာအလှူရှင်များ၏ ပံ့ပိုးကူညီမှုဖြင့် ပုဂံ-ညောင်ဦးဒေသရှိ သက်ကြီးဘိုးဘွားများအပါအဝင် ဝင်ငွေနည်းအိမ်ထောင်စုများကို စားဝတ်နေရေး အဆင်ပြေစေရန်အတွက် အခြေခံစားသောက်ကုန် ဆန်၊ ဆီနှင့် ကြက်ဥများ ထောက်ပံ့လှူဒါန်းခြင်း၊ ဆေးဝါးနှင့် အာဟာရဖြည့်စွက်စာ စားသောက်ဖွယ်ရာပစ္စည်းများ ထောက်ပံ့ပေးခြင်းနှင့် အလှူငွေများ ထောက်ပံ့ပေးခြင်းတို့ကို လစဉ် ထောက်ပံ့လှူဒါန်းလျက်ရှိကြောင်း အဆိုပါ ပရဟိတအဖွဲ့ အဖွဲ့ဝင် ဦးဝင်းမင်းထွန်းက ပြောသည်။

(၄၄၅)

*-*-*-*-*



# စောမွန်လှပေါ်တော်မူ အမှတ်(၆)ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၏ (၂၅)နှစ်ပြည့် ငွေရတုပညာသင်နှစ်ကျောင်းဖွင့်ပွဲ



ဇွန်လ၏ နံနက်ခင်းသည် မိုးသားများ အနည်းငယ် အုံ့ဆိုင်းမှုန်ရီလျက် သာသာယာယာ ရှိသည်။ အနောက်တောင်အရပ်မှ တိုက်ခတ်လာသော မုတ်သုံလေ အေးအေးလေးကြောင့် စိတ်နှလုံးကို ကြည်ရွှင်အေးမြလျက် တက်ကြွလန်းဆန်းစေသည်။

မုတ်သုံလေညင်းနုနုလေးကြောင့် လှုပ်ခတ်လာသော မိဖုရားစောမွန်လှ မြတဘက်စေတီတော်မှ ဆည်းလည်းသံကလေးများက နံနက်ခင်း၏ အေးချမ်းသာယာမှုကို အားဖြည့်လျက်ရှိသည်။

ယနေ့သည် ဇွန်လ ၂ရက်ဖြစ်သည်။ အနယ်နယ်အရပ်ရပ်ရှိ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ရမည့်ရက်လည်း ဖြစ်သည်။

ယနေ့ပြုလုပ်မည့် မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်၊ စောမွန်လှပေါ်တော်မူ အမှတ်(၆)ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဆရာတော်ဩဝါဒခံယူပွဲနှင့် ကျောင်းဖွင့်ပွဲသို့ စာရေးသူ ရောက်ရှိခဲ့သည်။

နံနက် ၇နာရီမှစ၍ ကျောင်းဖွင့်ပွဲသို့ ကြွရောက်လာကြမည့် ပရိသတ်များနှင့် ကျောင်းသားမိဘများအား နန်းတော်ရှေ့ ရွှေလက်ရာမုန့်ဟင်းခါးနှင့် မန္တလေးမုန့်တီသုပ်တို့ဖြင့် ဧည့်ခံကျွေးမွေးနေပါသည်။ စာရေးသူနှင့်အတူ ဓာတ်ပုံဆရာများ၊ ဗီဒီယိုဆရာများ မှတ်တမ်းတင်ရန် ရောက်ရှိလာကြရာ စာရေးသူနှင့်အတူ မုန့်ဟင်းခါးသုံးဆောင်ရင်း စကားစမြည်ပြောဆိုနှုတ်ဆက်ခဲ့ကြသည်။

ကျောင်းသား၊ ကျောင်းသူများလည်း တဖွဲဖွဲ ရောက်ရှိလာနေကြပေပြီ။

ကျောင်းပရိဝုဏ်အတွင်း၌ တဖွဲဖွဲရောက်ရှိလာကြသော ကျောင်းသား၊ ကျောင်းသူများမှာ လုံချည်အစိမ်း၊ အင်္ကျီအဖြူနှင့် အစိမ်းရောင် ဥယျာဉ်ထဲမှာ အဖြူရောင်ပန်းကလေးများ ယိမ်းနွဲ့လှုပ်ရှား ပြေးလွှားနေသည့်နှယ် ကျက်သရေရှိလှပါသည်။ ဆရာ၊ ဆရာမဥယျာဉ်မှူးများ၏ ပြုစုပျိုးထောင်မြေတောင်မြှောက်မှုအောက်တွင် အနာဂတ်တွင် ပွင့်လန်းလာမည့် ပန်းကလေးများကိုကြည့်ပြီး ကြည်နူးပီတိဖြစ်မိပါတော့သည်။

နံနက် ၈ နာရီထိုးချိန်တွင် အခမ်းအနားစတော့မည်ဖြစ်ရာ ဆရာမများက ဦးဆောင်၍ အတန်းလိုက် အတန်းလိုက် စည်းကမ်းတကျ ညီညွတ်စွာ အစည်းအဝေးခန်းမသို့ ရောက်ရှိလာခဲ့ကြပါပြီ။

'၈ နာရီထိုးပြီး အခမ်းအနားစတော့မယ်' ဟုဆိုကာ ဆရာတော်က စာရေးသူတို့ကိုခေါ်ဆောင်၍ အခမ်းအနားကျင်းပရာ ခန်းမဆောင်သို့ ဦးဆောင်လျက်ကြွရောက်ခဲ့ပါသည်။

အစည်းအဝေးပြုလုပ်ရာခန်းမ၌ လက်ဝဲဘက်ခြမ်းတွင် ကိုရင်ရှင်သာမဏေ ကျောင်းသားများကို နေရာချထားပေးပြီး လက်ယာဘက်ခြမ်းတွင် သီလရှင်ဆရာလေးများနှင့် ကျောင်းသူလေးများက စနစ်တကျ နေရာယူထားကြသည်။ ရှေ့ဆုံးက ရှင်သာမဏေနှင့် သီလရှင်ဆရာလေးများရှိ ပြီးနောက်မှ ကျောင်းသား၊ ကျောင်းသူများက ဆရာတော်ကြွလာမည်ကို တိတ်ဆိတ်ငြိမ်သက်စွာ စောင့်ကြိုလျက်ရှိသည်။

ခန်းမတစ်နေရာတွင် မုန့်တီနှင့် ခေါက်ဆွဲထုပ်များစားပွဲပေါ်၌ ခင်းကျင်းထားသည်ကို တွေ့ရှိရသည်။

မကြာမီ နဂါးကိုးကောင်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တရာဇိန္ဒ ကြွရောက်လာပြီး စင်မြင့်ထက်၌ နေရာယူကာ ဩဝါဒစကားများ မြွက်ကြားခဲ့သည်။ ကျောင်းသားများ၏ပညာအရည်အချင်းနှင့် ဘာသာရေးသင်ကြားချက်များကိုလည်း မမေ့မလျော့ရန် မိန့်ကြား၍ (၃၈)ဖြာမင်္ဂလာကဗျာတို့ကို ပြန်လည်ရွတ်ဆိုစေခဲ့သည်။

**'ကုသိုလ်ပညာ၊ ဥစ္စာရဖို့**
**သင့်ရာဒေသ အမြဲနေ၊**
**ရှေ့ကတင်ကြို ပြုခဲ့ဖူးသည့်**
**ကုသိုလ်အထူးရှိပါစေ။**
**မိမိကိုယ်ကို၊ ကောင်းစွာထိန်းလို့**
**မတိမ်းစေနဲ့ စောင့်ထိန်းလေ**
**အဲ့ဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ. . .'**

ကျောင်းသား၊ ကျောင်းသူလေးများ၏မင်္ဂလာကဗျာရွတ်သံက ဆည်းလည်းသံနှင့်အတူ တစ်ကျောင်းလုံးပျံ့နှံ့သွားရာ ကျောင်းသားမိဘများမှာ ဝမ်းသာပီတိဖြင့် မျက်ရည်များပင် စို့မိကြသည်။

ထို့နောက်ဆက်လက်၍ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ယုလှိုင်(ခ)ဒေါ်ထက်သစ်ဦးက ကျောင်းသား၊ ကျောင်းသူများ ကျောင်းစည်းကမ်းလိုက်နာရေးနှင့် ဆောင်ရန်၊ ရှောင်ရန်များကို ပြောကြားခဲ့ပြီး KG ကျောင်းသားသစ်များအား မုန့်တီသုပ်၊ ခေါက်ဆွဲသုပ် အာဟာရဘူးများကို ဆရာမများက ဝေငပေးခဲ့သည်။

ဆရာတော်၏ဩဝါဒခံယူပွဲနှင့် ကျောင်းဖွင့်ပွဲ အခမ်းအနားပြီးဆုံးသည့်နောက် ကျောင်းသား၊ ကျောင်းသူများအား ဆရာ၊ ဆရာမများက ဦးဆောင်၍ ကျောင်းဖွင့်ချိန် ကျောင်းဖွင့်ရက် ပထမနေ့ ပညာစသင်ရန်၊ မိမိတို့သက်ဆိုင်ရာ စာသင်ခန်းအသီးသီးသို့ သွားရောက်ခဲ့ကြသည်။ မရှေးမနှောင်းဆိုသလို စာသင်ခန်းအသီးသီးမှ ရှေ့ဆင့်နောက်ဆင့် ပေါ်ထွက်လာသော 'မင်္ဂလာပါဆရာမ' ဆိုသော အသံများဖြင့် မင်္ဂလာရှိသော နံနက်ခင်းကို မင်္ဂလာရှိစွာ စတင်လိုက်ကြတော့သည်။

အလျား(ပေ ၁၂၀)၊ အနံ(ပေ ၄၀)ရှိ နှစ်ထပ် နဂါးကိုးကောင် စာသင်ကျောင်းကြီးမှာလည်း ခံ့ခံ့ညားညား ထည်ထည်ဝါဝါဖြင့် ထိုင်ခုံများ၊ ပရိဘောဂများ၊ ကျောင်းဆောင်များပါ မကျန် သစ်သစ်လွင်လွင် သန့်သန့်ရှင်းရှင်း ရှိနေသည်။ ကျောင်းရှေ့မှ ဝါ၊ စိမ်း၊ နီရောင်စုံ နိုင်ငံတော်အလံက တလွင့်လွင့် ပျံ့လွင့်လျက်ရှိသည်။ 'စောမွန်လှပေါ်တော်မူ အမှတ်(၆)ဘုန်းတော်ကြီးသင်ပညာရေးကျောင်း'ကို နဂါးကိုးကောင်ဆရာတော်က ခရစ်သက္ကရာဇ် (၂၀၀၀)ပြည့်နှစ်တွင် စတင်တည်ထောင်ခဲ့သည်။ ယခုအခါ သက္ကရာဇ် ၂၀၂၅ သို့ ရောက်ရှိပြီးဖြစ်ရာ ယခုပညာသင်နှစ်သည် 'စောမွန်လှပေါ်တော်မူ အမှတ်(၆) ကျောင်းပညာရေးကျောင်း၏ (၂၅)နှစ်ပြည့် ငွေရတုနှစ်လည်း ဖြစ်ပေသည်။

စာရေးသူတို့ မြန်မာနိုင်ငံတွင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသည် ယနေ့ခေတ် ယနေ့အခါမှ ခါတော်မီပေါ်ပေါက်လာကြခြင်းမဟုတ်ပါ။ ရှေးဘုရင်ခေတ်ကတည်းက ရှိခဲ့ကြပြီးဖြစ်သည်။ သီပေါမင်းပါတော်မူပြီးနောက် တိုင်းတစ်ပါး အင်္ဂလိပ်နယ်ချဲ့အစိုးရလက်ထက်တွင် အင်္ဂလိပ်ကျောင်းများ အလျှိုလျှိုပေါ်ပေါက်လာခဲ့ရာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှာ မှေးမှိန်ခဲ့ရသည်။

အင်္ဂလိပ်အစိုးရက သူတို့ကျောင်းများတွင် အင်္ဂလိပ်စကားနှင့် အင်္ဂလိပ်ဘာသာကို သင်ကြားပေးခဲ့သည်။ အင်္ဂလိပ်ကျောင်းများတွင် မြန်မာများကို မြန်မာနာမည်ပင် မပေးပါ၊ ကုလားဖြူနာမည်ပေးစေခဲ့ကာ ဘောင်းဘီနှင့် နက်ကတိုင်ဝတ်ဆင်စေခဲ့ပြီး ခရစ်ယာန်သာသာကို သိမ်းသွင်းဆွဲဆောင်ခဲ့သည်။ မြန်မာ့ယဉ်ကျေးမှုအစဉ်အလာဖြစ်သော (၃၈)ဖြာမင်္ဂလာတရားများ၊ ဆုံးမစာနီတိများ၊ လောကနီတိကျမ်းနှင့် စာဏကျနီတိကျမ်းတို့ကို သင်ယူခွင့်မပြုချေ။ သည်လိုနှင့် မြန်မာ့ယဉ်ကျေးမှုနှင့် ဗုဒ္ဓဘာသာသည် တဖြည်းဖြည်း မှေးမှိန်ခဲ့သည်။ မြန်မာကျောင်းသူ၊ ကျောင်းသားများ ယဉ်ကျေးမှုလည်းနားမလည်၊ ဘုန်းကြီး၊ ရဟန်းနှင့်လည်း စကားမပြောတတ်ဖြစ်စေခဲ့သည်။

အထူးသဖြင့် တောင်တန်းနှင့် နယ်စပ်ဒေသတွင် အင်္ဂလိပ်တို့၏ ဘာသာရေးယဉ်ကျေးမှုသိမ်းသွင်းမှုသည် အောင်မြင်ခဲ့ပြီး ဗုဒ္ဓဘာသာကွယ်ပျောက်ခဲ့ရသည်။

'သောက်ရေအိုးတွင် ရေနည်းမြင်သော်-ခေါ်ငင်ညီညွတ် သွားရှိခပ်'

'မိဘဆရာထားသည့်ဟာကို မျက်နှာကွယ်လျှင် မယူချင်နှင့် လိုချင်သော်ငြား၊ စားချင်ငြားက၊ ဝပ်တွားခယ တောင်းပါကြ' စသော လူ့ကျင့်ဝတ်စည်းကမ်းဖြင့် သင်ကြားခဲ့ကြသော ဘုန်းတော်ကြီးသင်ပညာရေးများသည် မြန်မာ့ယဉ်ကျေးမှုဗုဒ္ဓဘာသာနှင့် စိတ်နှလုံးငြိမ်းအေးချမ်းသာမှုကို ပေးစွမ်းနိုင်ပြီး ကိုယ်ချင်းစာနာစိတ်ကို ပေးနိုင်ခဲ့ကြသည်။

အခြေခံကျသော မြန်မာ့ယဉ်ကျေးမှုနှင့် ဘာသာရေးအခြေခံကျင့်ဝတ်များသည် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှာသာ တည်မြဲခိုင်ခံ့လျက်ရှိသည်။ ပေါ်တော်မူ အမှတ်(၆)ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် နံနက်တိုင်း ဘုရားဝတ်ပြုရှိခိုးခြင်း၊ (၃၈)ဖြာမင်္ဂလာတရားများ ကဗျာများကို သင်ယူစေခြင်း၊ ပရိတ်ကြီး(၁၁)သုတ်မှစ၍ ဗုဒ္ဓဘာသာတို့၏အခြေခံတရားများ ကျင့်ဝတ်စည်းကမ်းများကိုပါ သင်ကြားပေးခဲ့သည်။

လစဉ်လဆန်း ၁ရက်နေ့တိုင်းလည်း နဂါးကိုးကောင်ဆရာတော်က ဩဝါဒစကားများ မိန့်ကြား၍ ပရိတ်ကြီး(၁၁)သုတ် အပါအဝင် ဘာသာရေးဆိုင်ရာများကို စစ်ဆေးမေးမြန်းပြီး ထူးချွန်သူများကို ကျောင်းဝတ်စုံများ၊ ထမင်းချိုင့်များ၊ သီလရှင်ဝတ်စုံ၊ ရှင်သာမဏေဝတ်စုံများ၊ စာအုပ်၊ စာရေးကိရိယာများချီးမြှင့်ခြင်း၊ အခါအားလျော်စွာ ထမင်းဟင်းများ ကျွေးမွေးခြင်း၊ ထမင်းဘူးများ၊ မုန့်ဘူးများဝေငှခြင်း အချိုရည်ဘူးများ ဝေငှပေးခြင်းကို ပြုလုပ်ခဲ့သည်။

ယခုအခါ စောမွန်လှပေါ်တော်မူ အမှတ်(၆) ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် သူငယ်တန်းမှ အဋ္ဌမတန်းထိ ကျောင်းသား၊ ကျောင်းသူ (၈၀၀)ဦးခန့်တို့ကို ဆရာ၊ ဆရာမ ၃၅ ဦးတို့ဖြင့် ပညာသင်ကြားပေးလျက်ရှိသည်။

တောင်တန်းနှင့် နယ်စပ်ဒေသမှအကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိလာကြသော ကျောင်းသား၊ ကျောင်းသူနှင့် မြန်မာနိုင်ငံအရပ်ရပ်မှ အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိလာကြသော ကလေးများအား ယောက်ျားလေးများကို ရှင်သာမဏေအဖြစ်လည်းကောင်း၊ မိန်းကလေးများကို သီလရှင်ဆရာလေးအဖြစ်လည်းကောင်း ချီးမြှင့်မြှောက်စားကာ အတန်းပညာနှင့် သာဘာရေးစာပေများကို သင်ကြားလျက်ရှိရာ ဘာသာရေးနှင့် ပညာရေးကို အားပေးလျက် ပါရမီဖြည့်စွမ်းလိုကြသော အလှူရှင်အသီးသီးမှလည်း ကျောင်းသား၊ ကျောင်းသူများ၊ ဆရာမများ၊ ရှင်သာမဏေ၊ သီလရှင်များအား မချို့ငဲ့ကြစေရန်နှင့် သာသနာရေးနှင့် ပညာရေးတောက်ပအဓွန့်ရှည်စေရန် လာရောက်လှူဒါန်းလျက်ရှိနေကြသည်ကို မြင်တွေ့နေရပေသည်။

# မန္တလေးပြည်သူ့ဆေးရုံကြီး၌ ပြည်သူ့ဆေးရုံများ၏ ပြည်သူ့ဆက်ဆံရေးလုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲကျင်းပ



နေပြည်တော် ဇွန် ၁၀

ပြည်သူ့ဆေးရုံများ၏ ပြည်သူ့ဆက်ဆံရေး လုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲကို ဇွန် ၉ ရက်မှ ၁၀ ရက်အထိ မန္တလေးပြည်သူ့ဆေးရုံကြီးရှိ မန်းတောင်ရိပ် (၉) ထပ်ဆောင် အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသံလွင်ထွန်း၊ မန္တလေးပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာ ဆန်းလွင်ဦး၊ ဆေးရုံအုပ်များ၊ မန္တလေးမြို့ရှိ ဗဟိုအဆင့် ဆေးရုံကြီးများမှ သူနာပြုအုပ်ကြီးများ၊ သူနာပြုအုပ်များ၊ အထက်တန်းသူနာပြုများ၊ သူနာပြုများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသံလွင်ထွန်းက အမှာစကား ပြောကြားပြီး ညွှန်ကြားရေးမှူး (သူနာပြု) ဒေါ်အက်စ်ဘန်တောင်က ကုသရေးဦးစီးဌာန၏ဝန်ဆောင်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ မန္တလေး ပြည်သူ့ဆေးရုံအုပ်ကြီးနှင့် ညွှန်ကြားရေးမှူး (သူနာပြု) တို့က ပြည်သူ့ဆက်ဆံရေး Public Relation (PR)၊ ပြည်သူ့ဆေးရုံများတွင် ပြည်သူများနှင့် ဆက်သွယ်ဆောင်ရွက်ရာ၌ ဆက်ဆံရေးပိုမိုကောင်းမွန်စေရန် လူနာများနှင့် ချိတ်ဆက် ဆောင်ရွက်နိုင်မှုကို အချင်းချင်းအချိတ်အဆက်ကောင်းမွန်စွာဖြင့် တိုးမြှင့်ဆောင်ရွက်သွားနိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **မျိုးကျော်**

## ညောင်ဦးမြို့နယ်၌ စိမ်းလန်းစိုပြည်သာယာလှပစေရေး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ညောင်ဦး ဇွန် ၁၀**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် သစ်တောဦးစီးဌာနမှ ဒေသတွင်း စိမ်းလန်းစိုပြည်သာယာလှပစေရေးအတွက် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် ကုန်းတန်းကြီးကျေးရွာ မြန်မာ့မီးရထား (ပုဂံဘူတာ)ဝင်းအတွင်း၌ ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် ညောင်ဦးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မင်းညို နှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ ညောင်ဦးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်နှင့် မြို့နယ်စီမံအဖွဲ့ဝင်များက စိုက်ပျိုးမည့်ပျိုးပင်များ ပေးအပ်ကာ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ သစ်ပင်များ စုပေါင်းစိုက်ပျိုးကြသည်။



ညောင်ဦးမြို့နယ် သစ်တောဦးစီးဌာနမှ ဦးဆောင်စိုက်ပျိုးသည့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်တွင် ညောင်ဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ ညောင်ဦးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်စီမံအဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ အခြေခံပညာဦးစီးဌာနမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက ယင်းမာပင် ၂၅၀၊ မန်ကျည်းပင် ၂၀၀၊ တမာပင် ၂၅၀၊ ပဲချယ်ရီပင် ၅၀၊ ပိတောက်ပင် ၅၀၊ ကုက္ကိုပင် ၂၀၀၊ စုစုပေါင်း နှစ်ပေအထက် ပျိုးပင် ၁၀၀၀ တို့ အား စိုက်ပျိုးခဲ့ကြောင်း သိရသည်။

(ဝဲပုံ) (၄၈၁)




သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်နှင့် ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးရှိ ဝန်ထမ်းများက ဦးစီးဌာန (၁၃)နှစ်ပြည့် နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် ပရိတ်တရားတော်များ နာယူခြင်းနှင့် ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဇွန် ၇ ရက်က နံနက်ပိုင်းက ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ကျင်းပစဉ်။ (ဝ၄ဝ)

## နွေစပါး(ထိုင်းနံ့ကောက်)စိုက်ခင်းအား ကွင်းဆင်းကြည့်ရှု

**ဇမ္ဗူသီရိ ဇွန် ၁၀**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ပြည့်စိုးနှင့် တာဝန်ရှိသူများသည် ဇမ္ဗူသီရိမြို့နယ်၊ တဲကြီးကုန်းကျေးရွာအုပ်စု၊ တဲကြီးကုန်းကျေးရွာရှိ လယ်ယာဂုဏ်ဆောင်စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းမှ အသင်းသားတောင်သူ ဦးကျော်မြင့်ဦး စိုက်ပျိုးထားသည့် နွေစပါး (ထိုင်းနံ့ကောက်)ဧက ၂၀ စိုက်ခင်းအား ဇွန် ၈ ရက် နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုခဲ့ကြသည်။

ထိုသို့ ကွင်းဆင်းကြည့်ရှုရာတွင် သမဝါယမဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်က ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးစီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပန်းတိုင်ရည်မှန်းချက် အထွက်နှုန်းမျိုးစပါးအား စိုက်ပျိုးရန်နှင့် သွင်းအားစု လိုအပ်ချက်များအား စိုက်ပျိုးချိန်မတိုင်မီ အသင်းသားတောင်သူများ၏ လက်ဝယ်သို့ ဖြန့်ဖြူးရရှိနိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန် ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျောင်းသား၊ ကျောင်းသူများအား အာဟာရပြည့် နွားနို့နှင့် ကြက်ဥ တိုက်ကျွေး

**နမ့်စန် ဇွန် ၁၀**

ရှမ်းပြည်နယ်တောင်ပိုင်း၊ နမ့်စန်ခရိုင်၊ နမ့်စန်မြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာသန်စွမ်းပြီး ဗလငါးတန်နှင့်ပြည့်စုံ၍ ပညာရေးတွင် ထူးချွန်သည့် လူငယ်လူရွယ်များဖြစ်လာစေရန် ရည်ရွယ်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်ပညာရေးမှူးရုံး၊ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ဝင်းထက်မြန်မာဆောက်လုပ်ရေးကုမ္ပဏီတို့ ပူးပေါင်းကျင်းပသော School Milk Program အစီအစဉ်ဖြင့် အာဟာရတိုက်ကျွေးခြင်းအား ယမန်နေ့ မွန်းလွဲ ၂ နာရီက အမှတ်(၂)ရပ်ကွက်ရှိ အခြေခံပညာ အထက်တန်းကျောင်း (နမ့်စန်)တွင် ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ နယ်မြေခံတပ်နယ်ဗိုလ်ချုပ်စိုးအောင်နှင့် တပ်မတော်အရာရှိများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမျိုးထွန်း၊ ခရိုင်ပညာရေးမှူး ဦးကျော်နိုင်သွင်၊ မြို့နယ်ပညာရေးမှူး ဦးဇင်မင်းထွန်း၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးမှူး ဒေါက်တာ



သန်းနိုင်နှင့် ဝင်းထက် မြန်မာဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများကို အာဟာရပြည့် နွားနို့နှင့် ကြက်ဥများ တိုက်ကျွေးခဲ့ကြသည်။

အဆိုပါ School Milk Programme တွင် KG တန်းမှ Grade-3 အထိ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၄၀၀ ဦးအား အာဟာရပြည့်နွားနို့ ပိဿာ ၄၀ နှင့် ကြက်ဥအလုံး ၄၀၀ တို့ကို ကျွေးမွေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**မြို့နယ်(ပြန်/ဆက်)**

## မြေဆီလွှာအာဟာရဖွံ့ဖြိုးရေး ပိုက်ဆံလျှော် သစ်စိမ်းမြေဩဇာ ထည့်သွင်း

**ကျောက်ဆည် ဇွန် ၁၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ ရှမ်းတောင်ဦးကျေးရွာ တောင်သူ ဦးအောင်နိုင်ဦး၏ ကွင်းအမှတ်(၂၂၈-က) တွင် ဇွန် ၈ ရက် နံနက်ပိုင်းက ပိုက်ဆံလျှော် သစ်စိမ်းမြေဩဇာ ထည့်သွင်းခြင်း ကျင်းပသည်။

ပိုက်ဆံလျှော် သစ်စိမ်းမြေဩဇာထည့်သွင်းခြင်းကို ကျောက်ဆည်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးချစ်ဆွေဦး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်အောင်တို့က ကြည့်ရှုခဲ့ပြီး တောင်သူများအား ပိုက်ဆံလျှော် သစ်စိမ်းမြေဩဇာသည် မြေဆီလွှာအတွက် အကျိုးကျေးဇူးများစွာရရှိပြီး မြေတွင်း အာဟာရဓာတ် ကြွယ်ဝ၍ မြေဩဇာအဖြစ် အသုံးပြုနိုင်ခြင်းကြောင့် တောင်သူများအတွက် များစွာအထောက်အကူပြုကြောင်းနှင့် ထယ်ထိုးပြုပြင်နေမှုများကို ကြည့်ရှုခဲ့သည်။ **(အောက်ပုံ)**



မြေဆီလွှာအာဟာရဖွံ့ဖြိုးရေးအတွက် သစ်စိမ်းမြေဩဇာ ပိုက်ဆံလျှော်ကို စိုက်ပျိုးမည်ဆိုပါက မျိုးစေ့နှုန်း တစ်ဧကလျှင် ၆ ပြည်မှ ၁၂ ပြည်ထိ အသုံးပြုစိုက်ပျိုးရပြီး စိုက်ပျိုးပြီး ၄၅ ရက်သားမှ ၆၅ ရက်သားအကြာတွင် ထယ်တိုးပြုပြင်ပေးခြင်းဖြင့် သစ်စိမ်းမြေဩဇာ ပိုက်ဆံလျှော်မှ (Biomass) ၇ တန်မှ ၁၀ တန်အထိရရှိပြီး နိုက်ထရိုဂျင်ပမာဏ ၁၅၀ ကီလိုဂရမ်၊ ဖော့စဖရပ်စ် ၁၁ ကီလိုဂရမ်၊ ပိုတက်ဆီယမ်ဓာတ် ၄၈ ကီလိုဂရမ်အထိ ရရှိပြီး မြေတွင်း အာဟာရဓာတ် ကြွယ်ဝ၍ မြေဩဇာအဖြစ် အသုံးပြုနိုင်ခြင်းကြောင့် တောင်သူများအနေဖြင့် ဓာတ်မြေဩဇာသုံးစွဲမှု လျှော့နည်းပြီး ကုန်ကျစရိတ် သက်သာစေမည်ဖြစ်ကြောင်း သိရသည်။

**အောင်ပိုင်ပိုင်ကျော်**

## ကျေးရွာကုန်ထုတ်လမ်းဖောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

**ပြင်ဦးလွင် ဇွန် ၁၀**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် သိုက်တောကျေးရွာအုပ်စု၊ ဘော်ကျေးရွာ၌ ကုန်ထုတ်လမ်း မြေပေါ်တင် ဂျင်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ဇွန် ၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ရှေးဦးစွာ ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇေယျာညို၊ ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မွန်ကျော်နှင့် တာဝန်ခံအင်ဂျင်နီယာများက ဘော်ကျေးရွာ ကုန်ထုတ်လမ်း ၃ မိုင်အကျယ် ၁၂ ပေ၊ မြေသားတစ်ပေ၊ ဂျင်းမြေ ကိုးလက်မ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက သတ်မှတ်ဘဏ္ဍာရေးနှစ်အတွင်း သတ်မှတ်စံချိန်စံညွှန်း



ပြည့်မီစွာ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

အဆိုပါ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၄၂၅ ဒသမ ၆၃၁ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူ၍ ယခုဘဏ္ဍာနှစ် မေလ စတုတ္ထအပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီး၍ ဘော်ကျေးရွာရှိ တောင်သူများ လယ်ယာထွက်ကုန်များကို ဈေးကွက်သို့ ကုန်ကျစရိတ်သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးက ပြောသည်။

(ဝဲပုံ)

**အောင်ရဲကျော်**

# စိုက်ပျိုးရေးကဏ္ဍ



## မိုးသီးနှံ စိုက်ပျိုးရာသီ၌ ကျွဲ၊ နွားတိရစ္ဆာန်အစာ ၅၀၁၄ ဧက လျာထားစိုက်ပျိုးမည်

**ပွင့်ဖြူ ဇွန် ၁၀**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ ကျွဲ၊ နွားတိရစ္ဆာန်အစာပင် ၅၀၁၄ ဧက လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ ကျွဲ၊နွားတိရစ္ဆာန်အစာပင် ၅၀၁၄ ဧက စိုက်ပျိုးရန် လျာထားပြီး သတ်မှတ်စိုက်ဧကပြည့်မီအောင် စိုက်ပျိုးပြီးစီးနိုင်ရေးအတွက် ဇွန်လမှစပြီး စက်တင်ဘာလအထိ စိုက်ပျိုးသွားမည် ဖြစ်သည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ ကျွဲ၊နွားတိရစ္ဆာန်အစာ ၅၀၁၄ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီလ ဒုတိယပတ်လောက်မှာ စတင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ စိုက်ဧကတွေ ပြည့်မီအောင် စိုက်ပျိုးကြဖို့၊ အောင်မြင်ဖြစ်ထွန်းမှုရှိစေဖို့အတွက် စိုက်ပျိုးရေးနည်းပညာများ ပံ့ပိုးဆောင်ရွက်ပေးသွားမှာပါ။ ဒေသအတွင်းရှိ တောင်သူတွေရဲ့ လယ်ယာလုပ်ငန်းသုံးမွေးမြူထားတဲ့ ကျွဲ၊ နွား တိရစ္ဆာန်တွေအတွက် အစာရှားပါးမှုမဖြစ်စေဖို့၊ ဝင်ငွေတိုးပွားရေးအတွက် မွေးမြူထားရှိတဲ့ ကျွဲ၊ နွားတိရစ္ဆာန် မွေးမြူရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်စေဖို့ ကျွဲ၊ နွားတိရစ္ဆာန်အစာ စိုက်ပျိုးရေးနဲ့ပတ်သက်ပြီး တောင်သူတွေကို နည်းပညာပေးတာတွေ၊ မျိုးစေ့များ ဖြန့်ဖြူးတာတွေကို ကူညီဆောင်ရွက်ပေးသွားမှာပါ" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ ကျွဲ၊နွားတိရစ္ဆာန်အစာ စိုက်ပျိုးတောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက စိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အောင်မြင်ဖြစ်ထွန်းစေရေး၊ ပိုးမွှားရောဂါကင်းရှင်းစေရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေး၊ မြေဩဇာနှင့် သွင်းအားစုများ စနစ်တကျ သုံးစွဲတတ်စေရေး တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

ကျွဲ၊ နွား တိရစ္ဆာန်အစာကို အထွက်နှုန်း ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက တောင်သူဦးကြီးများအနေဖြင့် မိမိတို့ မွေးမြူထားရှိသော ကျွဲ၊ နွားများအတွက် လိုအပ်သော အစာကို ဖူလုံစွာ ကျွေးမွေးနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကာ တစ်ပိုင်တစ်နိုင် ဝင်ငွေတိုးပြီး မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကိုပါ အထောက်အကူပြုနိုင်၍ ကျွဲ၊နွားတိရစ္ဆာန်အစာကို ကြိုးပမ်းစိုက်ပျိုးသင့်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ပြောသည်။

(အပေါ်ပုံ)(၄၄၅)

*-*-*-*-*-*-*-*

## ကန့်ဘလူမြို့နယ်တွင် မိုးစပါး ၁၄၂၅၅၈ ဧက စိုက်ပျိုးမည်



**ကန့်ဘလူ ဇွန် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၏ ဆန်စပါး ထုတ်လုပ်မှုတိုးတက်ရေးအတွက် ယခုနှစ်မိုးစပါးစိုက်ပျိုးရာသီတွင် မိုးစပါး ၁၄၂၅၅၈ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဆန်စပါး ထုတ်လုပ်မှုတိုးတက်ရေးအတွက် တစ်ဧကအထွက်နှုန်း တိုးတက်ရေး၊ မျိုးကောင်းမျိုးသန့် ထုတ်လုပ်သုံးစွဲရေး၊ လေ့ကျင့်ပညာပေးရေးနှင့် သုတေသနဖွံ့ဖြိုးရေး ရည်မှန်းချက်များကို အဓိကထား၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးဇော်က ပြောသည်။

ကန့်ဘလူမြို့နယ်အတွင်း၌ စပါးစိုက်ဧက တိုးတက်အောင် ဆောင်ရွက်ခြင်း၊ ဆည်ရေကို အကျိုးရှိစွာ အသုံးချဆောင်ရွက်ခြင်း၊ တစ်ဧက အထွက်နှုန်း တိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးစေခြင်း၊ သွင်းအားစုများ စနစ်တကျ ထည့်သွင်း၍ လေလွင့်ဆုံးရှုံးမှုများ လျော့နည်းစေရန် စီမံဆောင်ရွက်ခြင်း၊ ခေတ်မီလယ်ယာသုံးစက်ကိရိယာများ တိုးတက်သုံးစွဲလာနိုင်စေရန် ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် တောင်သူများအား စိုက်ပျိုးနည်းစနစ်များဆိုင်ရာ နည်းပညာများ ဟောပြောခြင်း၊ ရာသီအလိုက်ဖြစ်ပွားတတ်သော ပိုးမွှားရောဂါများ ကျရောက်မှုမရှိစေရေးနှင့် ကြိုတင်ကာကွယ်နိုင်ရေးတို့အတွက် ကိုယ်တိုင်ပြုလုပ်သုံးစွဲနိုင်စေရန် နည်းပညာပေးခြင်း စသည့် စိုက်ပျိုးရေးနည်းပညာပေး ဆွေးနွေးပွဲများကိုလည်း တိုက်နယ်အလိုက် ဆောင်ရွက်သွားမည် ဖြစ်သည်။

တောင်သူများအနေဖြင့် စိုက်ပျိုးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် ဆက်သွယ်ဆောင်ရွက်နိုင်ရန် ကန့်ဘလူမြို့နယ်၌ နည်းပညာပြန့်ပွားရေးစင်တာများကို တိုက်နယ် ကိုးခုတွင် ဖွင့်လှစ်ပြီး ကွင်းပညာရှင်များက ဝန်ဆောင်မှုပေးလျက်ရှိရာ နည်းပညာများကို ရယူဆောင်ရွက်နိုင်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၄၈၀)

## မင်းဘူး(စကု)မြို့နယ်၌ မိုးစပါး ဧက ၄၀၀၀၀ ကျော် လျာထားစိုက်ပျိုးသွားမည်

**မင်းဘူး ဇွန် ၁၀**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး(စကု)မြို့နယ်၌ ၂၀၂၅ ခုနှစ် စိုက်ပျိုးရာသီတွင် မိုးစပါးကို ဧကပေါင်း ၄၀၀၀၀ ကျော် လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းဘူး(စကု)မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများက ဆည်ရေသောက်ဧရိယာနှင့် မိုးကောင်းသောက်ဧရိယာများတွင် ရေရရှိရေးနည်းလမ်း(၆)ခုဖြင့် မိုးစပါးကို ကြဲပက်စိုက်ခင်း(အစို၊အခြောက်)၊ တိုက်ရိုက်စိုက် (အစို၊အခြောက်)၊ SRI ၊ Seeder ၊ ပေါင်ဆွဲစိုက်ခြင်း၊ ပျိုးထောင်စိုက်ခြင်း စသည့် နည်းလမ်းမျိုးစုံ အသုံးပြု၍ ဧရာမင်း၊ မနောသုခ၊ ဆင်းသုခနှင့် ရတနာတိုး၊ အောင်နိုင်တိုး၊ မနောသုခ၊ ရက် ၉၀၊ GW-11 စသည့် စပါးမျိုးများကို အများဆုံး ရွေးချယ် စိုက်ပျိုးကြသည်။

ထိုသို့ စိုက်ပျိုးရာတွင် ဒေသတွင်း စားနပ်ရိက္ခာဖူလုံစေရေး၊ စပါးစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး၊ ပန်းတိုင်အထွက်နှုန်းရရှိစေရေးတို့အတွက် ဧရာမင်း ၂၆၀၄၂ ဧက၊ မနောသုခ ၉၀၄၅ ဧက၊ ဆင်းသုခ ၅၃၅၈ ဧက၊ ရတနာတိုး ဧက ၂၅၀၊ ဆာဖိုးသာ ၁၀၉ ဧက၊ အောင်နိုင်တိုး ၁၀၃ ဧက၊ ရက် ၉၀၊ ၄၆ ဧကနှင့် GW-11 ၃၆ ဧကဖြစ်၍ စုစုပေါင်း ၄၀၉၈၉ ဧကကို စိုက်ပျိုးရန် လျာထားပြီး တောင်သူများအား မျိုးကောင်းမျိုးသန့်မျိုးစေ့များကို ပံ့ပိုးပေးခြင်း၊ ဘက်စုံအဆင့်မြင့် နည်းပညာသုံး စံပြကွက်များ ဖော်ဆောင်ပေးကာ တစ်ဧကအထွက်နှုန်းတိုးတက်စေရေးအတွက် ဓာတ်မြေဩဇာများ အချိုးကျ အချိန်ကိုက် ထည့်သွင်းနိုင်ရန် သက်သာသောဈေးနှုန်းများဖြင့် ဖြန့်ဖြူးပေးခြင်း၊ ပိုးမွှားရောဂါကာကွယ်ရေးနှင့် စိုက်ပျိုးနည်းပညာများ လက်တွေ့သရုပ်ပြပေးခြင်းလုပ်ငန်းများကို တောင်သူများနှင့် တွေ့ဆုံ၍ တာဝန်ခံများက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်စိုးလင်းက ပြောသည်။

(အောက်ဝဲပုံ)(၅၀၄)



## ရေနံချောင်းမြို့နယ်၌ မုန်ညင်းဖြူ စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်လျက်ရှိ

**ရေနံချောင်း ဇွန် ၁၀**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၌ ဟင်းသီးဟင်းရွက်ကို အဓိကထား၍ တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိစေရန်အတွက် စိုက်ပျိုးရာတွင် မုန်ညင်းဖြူ စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်လျက်ရှိသည်။

တောင်သူများသည် မျိုးစေ့ကို စိုက်ပျိုးရေးဆိုင်များတွင် ဝယ်ယူပြီး မိမိစိုက်ပျိုးမည့် မြေတွင် ပေါင်းလုပ်ကာ ပျိုးပင်ကိုစိုက်ပျိုးကြသည်။ ထို့နောက် ပျိုးပင်ပေါက်လာသောအခါ ပေါင်းပြုလုပ်၍ စိုက်ပျိုးကြသည်။ နေ့စဉ် ရေလောင်းပေါင်းသင်ပြီး လိုအပ်သော မြေဩဇာများထည့်ပေးသဖြင့် မုန်ညင်းဖြူများ ကြီးထွားလာသည်။

ထို့နောက် မုန်ညင်းဖြူများကို ပိဿာချိန်ဖြင့် တစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀ ကနေ ငွေကျပ် ၂၀၀၀အထိ ရောင်းရပြီး မိသားစုဝင်ငွေရရှိနေကြသည်။

ရေနံချောင်းမြို့နယ်၊ဘူးကျွန်း ကျေးရွာအုပ်စုနှင့် ဖောင်းကတော ကျေးရွာအုပ်စုရှိ ကျေးရွာများ၌ မုန်ညင်း၊ နံနံ၊ ကန်စွန်း၊ ခရမ်းသီး၊ ဘူးသီး၊ သခွားသီးနှင့် ကြက်ဟင်းခါးသီးတို့ကို စိုက်ပျိုးကြကြောင်း သိရသည်။

(အောက်ပုံ)

(၄၇၂)



❖ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို အခြေခံသည့် စက်မှုထုတ်ကုန်လုပ်ငန်းများ (Agro Base Industry) ကို ဖော်ဆောင်သွားရမည်ဖြစ်ပြီး တန်ဖိုးမြင့် စက်မှုကုန်ထုတ်လုပ်ငန်းများကို ထုတ်လုပ်နိုင်ရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့တွင် တွံတေးမွေးမြူရေးဇုန် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးစဉ် လမ်းညွှန်မှာကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၅) ကျင်းပ



နေပြည်တော် ဇွန် ၁၀

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၅) ကို ယနေ့မွန်းလွဲပိုင်းတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ် (၃၂) အစည်းအဝေးခန်းမ၌ ကျင်းပရာ ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ကော်မတီအဖွဲ့ဝင် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ကော်မတီဥက္ကဋ္ဌက ယနေ့အစည်းအဝေးတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ ၁၄ ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ခြောက်ခုသို့ ၂၀၂၂ ခုနှစ် စက်တင်ဘာ ၁ ရက်မှ ၂၀၂၅ ခုနှစ် ဇွန် ၁၀ ရက်အထိ ချေးငွေများထုတ်ချေးထားရှိမှုနှင့် ပြန်လည်ပေးဆပ်မှုအခြေအနေ၊ သဘာဝဘေးအန္တရာယ်များကြောင့် ချေးငွေအရင်း၊ အတိုးဆိုင်းငံ့ပေးခဲ့မှုများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ချေးငွေထုတ်ချေးပေးနိုင်မှုအခြေအနေ၊ ချေးငွေများအား ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ ထုတ်ချေးနိုင်ရေး၊ ချေးငွေစာရင်းဇယားများကို စနစ်တကျပြုစု၍ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီများက ကြပ်မတ်ဆောင်ရွက်ရေးနှင့် မှတ်တမ်းတင်ထားရှိရေး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးတွေ့ရှိချက်များအပေါ် လိုက်နာဆောင်ရွက်မှု ပြီးစီးမှုအခြေအနေများနှင့် တွေ့ကြုံရသည့်အခက်အခဲများကို ဆွေးနွေးကြရန် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် တက်ရောက်လာကြသူများက ၂၀၂၄-၂၀၂၅ ခုနှစ်အတွင်း နွေစပါးစီမံကိန်း၊ မိုးစပါးစီမံကိန်း၊ ဆီထွက်သီးနှံ (မြေပဲ၊ နှမ်း၊ နေကြာ) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု၊ ၂၀၂၅-၂၀၂၆ ခုနှစ်အတွင်း မိုးစပါးချေးငွေနှင့် မိုးမြေပဲသီးနှံချေးငွေထုတ်ချေးရေးစာချုပ်ချုပ်ဆို ဆောင်ရွက်နေမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မွေးမြူရေးချေးငွေများ ထုတ်ချေးနေမှုနှင့် စိုက်ပျိုးရေရရှိရေးစီမံကိန်းဆောင်ရွက်နေမှု၊ ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေထုတ်ချေးနိုင်မှုနှင့် ချေးငွေတိုးမြှင့်ထုတ်ချေးနိုင်ရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူးက (၁/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများက တင်ပြလာသော ချေးငွေသက်တမ်းတိုးမြှင့် ခွင့်ပြုရန်နှင့် လုပ်ငန်းတိုးချဲ့ဆောင်ရွက်မှုများအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခွင့်ပြုရန်ကိစ္စရပ်များကို ကော်မတီအဖွဲ့ဝင်များနှင့် အစည်းအဝေးတက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး ကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## သန်းပိုင်၏ သွင်းဂိုးဖြင့် ပါကစ္စတန်ကို အနိုင်ရယူခဲ့သည့် မြန်မာအသင်း

ရန်ကုန် ဇွန် ၁၀

၂၀၂၇ အာရှဖလား ခြေစစ်ပွဲ(အုပ်စု-တတိယအဆင့်)အုပ်စု (E)ပွဲစဉ်အဖြစ် ယနေ့ ညနေ မြန်မာစံတော်ချိန် ၅ နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ အိမ်ရှင်မြန်မာအသင်းနှင့် ပါကစ္စတန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာအသင်းက ပါကစ္စတန်အသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာအသင်းအတွက် အနိုင်ရရှိစေမည့် အဖိုးတန် သွင်းဂိုးတစ်ဂိုးကို ပွဲချိန် ၄၂ မိနစ်တွင် သန်းပိုင်က သွင်းယူပေးနိုင်ခဲ့သည်။

အိမ်ရှင်မြန်မာအသင်းသည် ယနေ့ ပွဲစဉ်တွင် ပါကစ္စတန်အသင်းအား နိုင်ပွဲရရှိခဲ့မှုကြောင့် ကွင်းအတွင်းသို့ လာရောက်အားပေးသည့် အသင်းပရိသတ်နှစ်သောင်းကျော်အတွက်လည်း ပျော်ရွှင်မှုများ ယူဆောင်ပေးနိုင်ခဲ့သည်။

မြန်မာအသင်းသည် ၂၀၂၇ အာရှဖလား ခြေစစ်ပွဲ(အုပ်စု-တတိယအဆင့်) အုပ်စု(E)တွင် ပါကစ္စတန်၊ အာဖဂန်နစ္စတန်၊ ဆီးရီးယားအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေပြီး အုပ်စုပွဲစဉ် နှစ်ပွဲကစားအပြီးတွင် နှစ်ပွဲစလုံး အနိုင်ရရှိကာ ရမှတ်ခြောက်မှတ် ရရှိခဲ့သည်။

မြန်မာအသင်းသည် ၂၀၂၇ အာရှဖလား ခြေစစ်ပွဲ(အုပ်စု-တတိယအဆင့်) အုပ်စု (E) တတိယပွဲစဉ်အဖြစ် လာမည့် အောက်တိုဘာ ၉ ရက်တွင် ဆီးရီးယားအသင်းနှင့် ထပ်မံယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

(NGB)

